ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ စနေနေ့ (12-11-2011) (၆၉၄၁)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစီပယ်ကော်မတီ အတွင်းရေးမှူး H.E.Mr. Liu Qi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစီပယ်ကော်မတီ အတွင်းရေးမှူး H.E. Mr. Liu Qi ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစီပယ်ကော်မတီ အတွင်းရေးမှူး H.E. Mr. Liu Qi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး H.E. Mr. Liu Qi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စတင်ဖွင့်လှစ် မြန်မာအားကစားအသင်း ငွေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ယနေ့စတင်ဖွင့်လှစ်ရာ ကနူးလှေလှော်ပြိုင်ပွဲတွင် ဝင်းထိုက်က တစ်ယောက်လှော် မီတာ (၁၀၀၀-C 1) ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုကိုရရှိသည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆုကို အင်ဒိုနီးရှားနိုင်ငံနှင့် တတိယဆုကို ဗီယက်နမ်နိုင်ငံတို့က ရရှိသွားသည်။

အလားတူ မီတာ (၁၀၀၀-C 2 )နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းထိုက်နှင့်ရဲအောင်စိုးတို့က ငွေတံဆိပ်ဆုကို ထပ်မံရရှိသည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆုကို အင်ဒိုနီးရှားနိုင်ငံနှင့် တတိယဆုကို ထိုင်းနိုင်ငံတို့က ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်　　၁၂-၁၁-၂၀၁၁ [စနေနေ့]။

# တာဝန်ကိုယ်စီ ကျေကြမည်ဆိုလျှင်

လူသားတိုင်း လူသားတိုင်း မိမိတို့၏ တာဝန်များကို ကိုယ်စီကျေပွန်ကြမည်ဆိုလျှင်ဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကြီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တက်လှမ်းကြဖို့သာ ရှိတော့မည်။ အုပ်ချုပ်သူက အုပ်ချုပ်သူတာဝန်၊ ဆရာဝန်က ဆရာဝန်တာဝန်၊ ကျောင်းဆရာက ကျောင်းဆရာတာဝန်၊ ကျောင်းသားက ကျောင်းသားတာဝန်၊ မိဘက မိဘတာဝန်၊ သားသမီးက သားသမီးတာဝန် စသည်ဖြင့် မိမိတို့၏ ကိုယ်စီကိုယ်စီ တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရမည်ဖြစ်သည်။

ငါနှင့်မဆိုင်၊ ငါ့တာဝန်မဟုတ်ဟုဆိုကာ တာဝန်မယူတတ်သော၊ တာဝန်ရှောင်လွှဲတတ်သော၊ သူများကို အပြစ်ပုံချတတ်သော ကိုယ်ကျိုးကြည့်ဝါဒများကို လျှော့ချကာ အများအကျိုး၊ တိုင်းပြည်အကျိုး၊ အနာဂတ်မြန်မာနိုင်ငံတော်ကြီး အကျိုးစီးပွားအတွက် မြန်မာနိုင်ငံသားတိုင်း၊ တိုင်းရင်းသားပြည်သူတိုင်းက ကိုယ်စီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမှသာလျှင် အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ပေါ်ထွန်းမည်ဖြစ်သည်။

ပထဝီအနေအထား အချက်အချာကျခြင်း၊ သဘာဝသယံဇာတ ပေါများကြွယ်ဝခြင်း၊ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်များဖြစ်ပေါ်လာခြင်းတို့ကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများက မြန်မာနိုင်ငံကို မျက်စိကျလာခဲ့ရာ နိုင်ငံသားတိုင်းက နိုင်ငံရေးအသိ၊ စီးပွားရေးအမြင်တို့ဖြင့် အရှိန်အဟုန်ပြင်းပြင်း ခရီးဆက်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်အတူ ပြောင်းလဲတိုးတက်မှုများကို ရင်ဆိုင်ကြရမည်ဖြစ်သည်။

အပြောင်းအလဲများနှင့် ဖြစ်ပေါ်တိုးတက်လာမှုများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ အခွင့်အလမ်းများ၊ လုပ်ပိုင်ခွင့်များ၊ ကြိုးစားအားထုတ်ခွင့်များ၊ ယှဉ်ပြိုင်မှုများလည်း ရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသားများအနေဖြင့် ကြိုးစားအစွမ်းပြကြရမည့် အချိန်အခါသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

မြန်မာ့အရင်းအမြစ်၊ မြန်မာ့အဆီအနှစ်များကို အကျိုးရှိစွာ အသုံးပြုရင်းအရည်အချင်း၊ စွမ်းဆောင်ရည်၊ ကြိုးစားအားထုတ်မှုများ မြှင့်တင်၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်ယဉ်ကျေးမှု မြင့်မားစွာဖြင့် တည်ရှိနေစေရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မား၍ ကဏ္ဍအသီးသီးတွင် ပါဝင်နေရာယူခွင့်ရရှိရေး၊ အစွမ်းပြခွင့်ရရှိရေးတို့မှာ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူတို့၏ ကိုယ်စီတာဝန်ပင်ဖြစ်ကြောင်း ကြေးမုံက ရှုမြင်ပါသည်။ ။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း

# ဖြူးမြို့နယ် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း သွားရောက်စစ်ဆေး

**ရန်ကုန်　နိုဝင်ဘာ　၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ဖြူးမြို့နယ် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ စနစ်တကျဖြင့် အမြန်ပြီးစီးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားကာ ကွန်းချောင်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုနှင့် ကွန်းချောင်းရေအားလျှပ်စစ်စက်ရုံအတွင်း စက်ပစ္စည်းများ တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင်လည်း ကေတုမတီ တောင်ငူမြို့တည် နန်းတည်(၅၀၁)နှစ်ပြည့် ပွဲတော်အထိမ်းအမှတ် သမိုင်းဝင်စည်းခုံကြီးစေတီတော် ရွှေထီးတော်တင်အခမ်းအနားသို့ တက်ရောက်၍ ရွှေထီးတော်အား တင်လှူပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ကွန်းချောင်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အရိုးထိအောင်ရူး (ပြေတီဦး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ညိုမင်းလွင်)**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၂)**

**ညပိုင်း**

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၆။ သန့်စွာကိုင်လေစက္ကူငွေ
၄း၃၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၈။ ကုန်သွယ်သုတ
၅း၀၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၀။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ စားဖို့ဆောင်ချစ်သူ
၆း၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၅)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ လူ့ရှင်တော်စတား
၂၁။ မှတ်တမ်း
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၉)**
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၄)**

# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်　နိုဝင်ဘာ　၁၁**

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက " Finance Reporting Framework-Agriculture and Current Issues" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

### စာရင်းသွင်း

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း (အမှတ် ၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။

### လက်ခံမည်မဟုတ်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း -၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ဒေါ်သန်းသန်းဦးအား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဗိုလ်မှူးသန်းထွန်း(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့လေကြောင်း) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးအေးမောင်သန်း လက်ခံစဉ်။**

(သတင်းစဉ်)



# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်၊ စာစောင်လှူဒါန်းပွဲနှင့် စာကြည့်တိုက်၊ ဆေးပေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ ပေါင်မြို့နယ်၌ ကျင်းပ

**နေပြည်တော်　နိုဝင်ဘာ　၁၁**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ညောင်ကုန်းလေးကျေးရွာ (သုတပျိုးခင်း) စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားနှင့် ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ သုတပျိုးခင်းစာကြည့်တိုက်အဆောက်အအုံသစ်ကို ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ငွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ညောင်ကုန်းလေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျေးလက်ဆေးပေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမင်းသန့်ဇင်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

### ဆောက်လုပ်လှူဒါန်း

အဆိုပါစာကြည့်တိုက်သည် အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၁ ပေရှိ သွပ်မိုးအုတ်ကာ အင်္ဂတေခင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် သိန်း ၃၀ ဖြစ်သည်။ စာကြည့်တိုက်အဆောက်အအုံကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းမိသားစုနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ငွေကျပ် ၆၅ သိန်းကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဖလမ်း၌ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

**နေပြည်တော်　နိုဝင်ဘာ　၁၁**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ်များလွှဲအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဖလမ်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးမန်းစိန်တို့က လုံပီးနှင့် ဗားလုံကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ စာအုပ်စာစောင်များ ပေးအပ်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၃၅၀ | ၀. ၀၃၂၄၃ |
| တရုတ် (ယွမ်) | ၆. ၃၄၃၀၀ | ၀. ၁၅၇၆၅ |
| အိန္ဒိယ (ရူပီး) | ၅၀. ၁၂၅၀ | ၀. ၀၁၉၉၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၅၀ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၉၉၃ | ၀. ၇၇၅၂၄ |
| ဂျပန် (ယန်း) | ၇၇. ၄၀၇၂ | ၀. ၀၁၂၉၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၆. ၆၉ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၃၃၁၅ | ၁. ၃၆၃၉၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၈၀၈ | ၁. ၅၉၂၁၆ |

အင်တာနက်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး H.E. Mr. Liu Qi ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ရင်းနှီးခင်မင်စွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံမဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ပေကျင်း မြူနီစီပယ်ကော်မတီအတွင်းရေးမှူး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ပေကျင်းမြူနီစီပယ်ကော်မတီ အတွင်းရေးမှူး H.E. Mr. Liu Qi လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပြည်ပသို့ ငါးရှဉ့်တင်ပို့မှု သတ်မှတ်လျာထားချက်ပြည့်လုနီးပြီ

**ရန်ကုန် နိုဝင်ဘာ ၁၁**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ငါးရှဉ့် အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုးတင်ပို့ရန် လျာထားရာ အောက်တိုဘာ ၃၀ ရက်အထိ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၈၂ သန်းဖိုးတင်ပို့ခဲ့ပြီးဖြစ်၍ လျာထားချက်၏ ၈၅ ဒသမ ၉၃ ရာခိုင်နှုန်းတင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ငါးရှဉ့်အများဆုံး တင်ပို့မှုမှာ မူဆယ် ၁၀၅ မိုင်မှတစ်ဆင့် တင်ပို့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၁၄ သန်းဖိုးတင်ပို့ခဲ့သည်။ ယခုလကုန်တွင် သတ်မှတ်လျာထားချက်ပြည့်မီနိုင်မည်ဟု မျှော်လင့်ထားသည်။ (မောင်လှိုင်)

## သိပ္ပံနည်းကျစနစ်ဖြင့်စိုက်ပျိုးမှု နည်းပညာသရုပ်ပြပွဲ ကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၁၁**

နေကြာစပ်မျိုး(၁) အထွက်ကောင်းမျိုးအား သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စိုက်ပျိုးမှုနည်းပညာ သရုပ်ပြပွဲကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ကော်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ ကွင်းအမှတ်(၁၆၉၂)ရှိ တောင်သူ ဦးသန်းအုန်းနှင့် ဦးသန်းဆွေတို့၏ ယာမြေ ငါးဧက၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

သရုပ်ပြပွဲတွင် မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က နေကြာစပ်မျိုး(၁)အား (GAP)စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသပြီး မြို့နယ်အတွင်း ဧက ၅၀၀ ပြည့်မီအောင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ နေကြာဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သင့်လျော်ခြင်း၊ တစ်နိုင်ငံလုံး စိုက်ပျိုးရန် ဖြစ်ထွန်းအောင်မြင်သည့် သီးနှံဖြစ်ပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်အား လိုက်နာကျင့်သုံးခြင်းအားဖြင့် တစ်ဧကလျှင် ၅၅/၆၀ တင်းအထိ ထွက်ရှိနိုင်သဖြင့် တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် သီးနှံဖြစ်ကြောင်း သိရသည်။ (၅၈၆)



**လှိုင်မြို့နယ် အမက(၁၀)မူလွန်၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင် အမှာစကားပြောကြားစဉ်။**

(ကြေးမုံ)

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

## ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားများ ညအချိန် ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် ခရီးသည်များ စိတ်ချမ်းမြေ့အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးခရီးစဉ်နှင့် ရန်ကုန်-နေပြည်တော်ခရီးစဉ်များတွင် ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားကြီးများအား ၁၅-၁၁-၂၀၁၁ ရက်မှစ၍ အောက်ပါအချိန်စာရင်းများအတိုင်း ညခရီးစဉ်အဖြစ် ပြင်ဆင်ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် အချိန်စာရင်းအသစ်များကို သက်ဆိုင်ရာဘူတာအသီးသီးတွင် ၁၂-၁၁-၂၀၁၁ ရက်မှစ၍ ကြေညာပေးထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားက သတင်းထုတ်ပြန်ထားသည်-

**(အဆန်ရထားများ)**

| ရထားအမှတ် | ခရီးစဉ် | ရန်ကုန်ထွက်ချိန် | မန္တလေးရောက်ချိန် |
|---|---|---|---|
| (၁၁)အဆန် | ရန်ကုန်-မန္တလေး | ၀၆း၀၀ | ၂၂း၃၀ |
| (၅)အဆန် | ရန်ကုန်-မန္တလေး | ၁၅း၀၀ | ၀၆း၃၀ |
| (၂၉)အဆန် | ရန်ကုန်-မန္တလေး | ၁၇း၀၀ | ၀၈း၁၅ |
| (၃)အဆန် | ရန်ကုန်-မန္တလေး | ၁၉း၀၀ | ၁၁း၁၅ |

**(အဆန်ရထားများ)**

| ရထားအမှတ် | ခရီးစဉ် | ရန်ကုန်ထွက်ချိန် | နေပြည်တော်ရောက်ချိန် |
|---|---|---|---|
| (၃၁)အဆန် | ရန်ကုန်-နေပြည်တော် | ၀၈း၀၀ | ၁၇း၃၀ |
| (၇)အဆန် | ရန်ကုန်-နေပြည်တော် | ၂၀း၃၀ | ၀၆း၀၀ |

**(အစုန်ရထားများ)**

| ရထားအမှတ် | ခရီးစဉ် | မန္တလေးထွက်ချိန် | ရန်ကုန်ရောက်ချိန် |
|---|---|---|---|
| (၁၂)အစုန် | မန္တလေး-ရန်ကုန် | ၀၆း၀၀ | ၂၂း၃၀ |
| (၆)အစုန် | မန္တလေး-ရန်ကုန် | ၁၅း၀၀ | ၀၆း၃၀ |
| (၃၀)အစုန် | မန္တလေး-ရန်ကုန် | ၁၇း၃၀ | ၀၈း၄၅ |
| (၄)အစုန် | မန္တလေး-ရန်ကုန် | ၁၉း၀၀ | ၁၁း၁၅ |

**(အစုန်ရထားများ)**

| ရထားအမှတ် | ခရီးစဉ် | နေပြည်တော်ထွက်ချိန် | ရန်ကုန်ရောက်ချိန် |
|---|---|---|---|
| (၃၂)အစုန် | နေပြည်တော်-ရန်ကုန် | ၀၈း၀၀ | ၁၇း၃၀ |
| (၈)အစုန် | နေပြည်တော်-ရန်ကုန် | ၂၀း၀၀ | ၀၅း၃၀ |

**မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး**



တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ပြန်လည်တည်ဆောက်ထားသည့် နေအိမ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# မြေငလျင်ဒဏ်ခံ စီချွမ်ပြည်နယ် ပြန်လည်ထူထောင်မှု နိုင်ငံတကာသတင်းထောက်များ လေ့လာမည်

**ချန်ဒူး နိုဝင်ဘာ ၁၁**

၂၀၀၈ ခုနှစ်က အပျက်အစီးကြီးမားသော မြေငလျင်ဘေးဒဏ်ကိုခံစားခဲ့ရသည့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းနေပုံတို့နှင့် ပတ်သက်၍ နိုင်ငံတကာဓာတ်ပုံသတင်းထောက်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့က သတင်းယူနိုင်ရန် ယင်းဒေသသို့ ရောက်ရှိနေကြောင်း နိုဝင်ဘာ ၁၁ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာဓာတ်ပုံသတင်းထောက် ၁၁ ဦးသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မြို့တော်ချန်ဒူးသို့ နိုဝင်ဘာ ၁၀ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း အနုပညာဆိုင်ရာသမိုင်းပညာရှင် ကျူယန်မင်းကပြောကြားသည်။ ၎င်းသည် နိုင်ငံတကာသတင်းထောက်များ၏ လေ့လာရေးခရီးစဉ် အတွက် စီစဉ်သူဖြစ်သည်။

နိုင်ငံတကာဓာတ်ပုံသတင်းထောက်များသည် ၁၀ ရက်ကြာခရီးစဉ်အတွင်း မြေငလျင်ဒဏ်ကို အလူးအလဲခံစားခဲ့ရသော ဒီယန်းမြို့နှင့် ပင်ယန်းမြို့တို့၌ ကွင်းဆင်းလေ့လာကြမည်ဖြစ်သည်။ ၎င်းအပြင် တိဘက်ဒေသနှင့် ကျီယန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သို့လည်း သွားရောက်ကာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများကို လေ့လာမည်ဖြစ်သည်။

နိုင်ငံတကာဓာတ်ပုံသတင်းထောက်များသည် မြေငလျင်ဒဏ်ခံဒေသများ၌ အိုးအိမ်များပြန်လည် တည်ဆောက်နေပုံကို မှတ်တမ်းများရယူကြမည်ဖြစ်ပြီး တိုင်းရင်းသားများ၏ လူနေမှုဘဝကိုလည်း လေ့လာကြမည်ဖြစ်သည်။ နိုင်ငံတကာဓာတ်ပုံသတင်းထောက်များအဖွဲ့တွင် အီတလီ၊ စပိန်၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်၊ ဩစတြေးလျ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ ဓာတ်ပုံသတင်းထောက်များ ပါဝင်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အမေရိကန်ဖို့ဟုဒ်ကြည်းတပ်စခန်းမှ မိသားစုများ လျော်ကြေးရရှိရန် ဥပဒေကြောင်းအရ တရားစွဲဆို

ဟူစတန် နိုဝင်ဘာ ၁၁

**အမေရိကန်နိုင်ငံရှိ ဖို့ဟုဒ်ကြည်းတပ်စခန်း၌ ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့သော သေနတ်ပစ်ရမ်းကားမှုကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၈၀ ကျော်နှင့် ၎င်းတို့၏မိသားစုများက အမေရိကန်ကြည်းတပ်ထံမှ လျော်ကြေးငွေ ဒေါ်လာသန်း ၇၅၀ ရရှိရေးအတွက် ဥပဒေကြောင်းအရ တရားစွဲဆို လိုက်ကြကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖို့ဟုဒ်မြို့ရှိ ကြည်းတပ်စခန်း၌ ၂၀၀၉ ခုနှစ်က ကြည်းတပ် စိတ်ရောဂါကုဆရာဝန်တစ်ဦးဖြစ်သူ ဗိုလ်မှူး နီဒယ်ဟက်ဆန်က သေနတ်ဖြင့် ရမ်းကားပစ်ခတ်ခဲ့သည်။



သေနတ်ဖြင့် ရမ်းကားပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ပူဆွေးသောက ရောက်နေသော မိသားစုဝင်တစ်ဦးကို မှတ်တမ်းဓာတ်ပုံတွင် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

**ကြိုတင်သိရှိ**

ဗိုလ်မှူးဟက်ဆန်သည် အဆိုပါစစ်စခန်းရှိတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ကြီးကြီးမားမားရန်ပြုနိုင်သည်ဟု အစိုးရတာဝန်ရှိသူများက ကြိုတင်သိရှိခဲ့ကြသော်လည်း ယင်းစစ်စခန်း၌ အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်နိုင်သည့် အခြေအနေကိုဟန့်တားရန် အစိုးရတာဝန်ရှိသူများကသိလျက်နှင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း လျော်ကြေးရလိုသူများ၏ တရားစွဲဆိုလွှာတွင် ဖော်ပြထားသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသောတပ်ဖွဲ့ဝင်များ အနက် ရှစ်ဦး၏ဆွေမျိုးသားချင်း ၅၄ ဦးတို့က လျော်ကြေးရရှိရန် တရားစွဲဆိုထားသည်။ အလားတူပင် ရဲတပ်ဖွဲ့အရာရှိတစ်ဦးနှင့် ဒဏ်ရာရခဲ့သူစစ်သားများအနက် ကိုးဦးတို့က ဆွေမျိုးသားချင်း ၁၉ ဦးနှင့်အတူ လျော်ကြေးရရန် တရားစွဲဆိုထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



# ဖိလစ်ပိုင်တောင်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**မနီလာ နိုဝင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကွမ်ပို့စတီလာပြည်နယ်၌ နိုဝင်ဘာ ၁၁ရက်က ပိုးသတ်ဆေးဖျန်း ရဟတ်ယာဉ်တစ်စင်း လယ်ကွင်းထဲသို့ ပျက်ကျခဲ့သည်ဟု ဒေသဆိုင်ရာ အေဘီအက်စ်-စီဘီအင်န်ရွာ သတင်းဌာနက ဖော်ပြသည်။

အဆိုပါရဟတ်ယာဉ်သည် မွန်တီမီစတာမြို့၌ ပိုးသတ်ဆေးဖျန်းနေစဉ် စက်ချွတ်ယွင်းကာပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်မှူးမှာ အသက်ရှင်ကြောင်း သတင်း၌ရေးသားထားသည်။

သက်ဆိုင်ရာအာဏာပိုင်များသည် ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ဗင်နီဇွဲလားရေပိုင်နက်အတွင်း ရေငုပ်သင်္ဘော တွေ့ရှိသည်ဟု သမ္မတ ပြောကြား

**ကာရာကပ်(စ်) နိုဝင်ဘာ ၁၁**

ဗင်နီဇွဲလားရေပိုင်နက်အတွင်း၌ ရေငုပ်သင်္ဘောတစ်စင်းကို ၎င်းတို့၏ ရေတပ်က ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း၊ ယင်းသင်္ဘောမှာ ထွက်ပြေး လွတ်မြောက်သွားကြောင်း သမ္မတ ဟူဂိုချာဗက်(ဇ်)က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ကာရာကပ်(စ်)၏ မြောက်ဘက် ကရစ်ဘီယံပင်လယ်ပြင်အတွင်း လာအော်ချီလာကျွန်း၏အနီး၌ အဆိုပါရေငုပ်သင်္ဘောကို အင်္ဂါနေ့တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကျွန်းအနီး၌ ဗင်နီဇွဲလားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်လျက်ရှိကြောင်း ချာဗက်(ဇ်)က နိုင်ငံပိုင်ရုပ်သံသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားရေတပ်က ယင်းရေငုပ်သင်္ဘောကို လိုက်လံဖမ်းဆီးရာတွင် ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ယင်းသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်၍ ဒီဇယ်သုံး ဗင်နီဇွဲလားရေငုပ်သင်္ဘောထက် ပိုမိုလျင်မြန်ကြောင်း ချာဗက်(ဇ်)က ပြောကြားသည်။

မည်သည့်နိုင်ငံကစေလွှတ်လိုက်သည့် သင်္ဘောဖြစ်သည်ကိုမူ ၎င်း၏ အစိုးရက မသိရှိသေးကြောင်း၊ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ချာဗက်(ဇ်)က ဆက်လက်ပြောကြားသည်။

ယင်းရေငုပ်သင်္ဘောကို ဗင်နီဇွဲလားရေတပ်ကမောင်းထုတ်နိုင်ခဲ့သည်ဟု ပြောကြား၍ အဆိုပါဖြစ်စဉ်အား ကိုင်တွယ်ဖြေရှင်းပုံကို ချီးကျူးစကား ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

# ကမ္ဘာတစ်ဝန်း ကျောက်မီးသွေးသုံးစွဲမှု ရေနံသုံးစွဲမှုထက် ကျော်လွန်လာမည်

**လန်ဒန် နိုဝင်ဘာ ၁၁**

ကမ္ဘာ့စွမ်းအင်သုံးစွဲမှု၌ အဓိကလောင်စာတစ်ရပ်အဖြစ် ၂၀၃၅ ခုနှစ်ထက်နောက်မကျဘဲ ကျောက်မီးသွေးသုံးစွဲမှုသည် ရေနံသုံးစွဲမှုထက်ကျော်လွန်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလအတွင်း ကမ္ဘာ့စွမ်းအင် ဝယ်လိုအား၏ ထက်ဝက်နီးပါးမှာ ကျောက်မီးသွေးဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ် နိုင်ငံတကာစွမ်းအင်အလားအလာဟု အမည်ပေးထားသော အစီရင်ခံစာတွင်ဖော်ပြသည်။

**အရေးပါမည့်အလားအလာ**

အနာဂတ်ကာလနှင့်နိုင်ငံတကာစွမ်းအင်သုံးစွဲမှု၌ကျောက်မီးသွေး၏ အခန်းကဏ္ဍ အရေးပါလာမည့် အလားအလာကို တွေ့မြင်ရကြောင်း အစီရင်ခံစာ၌ ပါရှိသည်။

ကမ္ဘာ့နိုင်ငံများသည် လက်ရှိစွမ်းအင်မူဝါဒများကို ဆက်လက်ကျင့်သုံးကြမည်ဆိုပါက ကျောက်မီးသွေးသုံးစွဲမှုသည် ၂၀၃၅ခုနှစ်ထက်နောက်မကျဘဲ နောက်ထပ် ၆၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းရကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

နိုင်ငံတကာ အဓိကကျောက်မီးသွေးဈေးကွက် ဗဟိုပြုရာ အရပ်သည် အတ္တလန္တိတ်ဒေသမှ ပစိဖိတ်ဒေသသို့ ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာစွမ်းအင် ကုန်သွယ်ရေးပုံစံသည် ပြောင်းလဲလာမည့်လက္ခဏာများကို တွေ့ရကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တူးဖော်လျက်ရှိသည့် ကျောက်မီးသွေးတွင်းတစ်ခုကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ထိုင်းနိုင်ငံရှိ ဂျပန်ကားစက်ရုံများ ပြန်လည်ဖွင့်လှစ်မည်ဟု ထုတ်ပြန်ကြေညာ

**ဗန်ကောက် နိုဝင်ဘာ ၁၁**

ထိုင်းနိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် အောက်တိုဘာ အစောပိုင်းမှစ၍ ပိတ်ထားခဲ့ရသော မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံများကို ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ဂျပန်မော်တော်ယာဉ်ထုတ်လုပ်ရေး ထိပ်တန်း ကုမ္ပဏီနှစ်ခုက နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထိုင်းနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံများကို ပြန်လည် ဖွင့်လှစ်ရန် မစ်ဆူဘီရှီ မော်တော်ကားကော်ပိုရေးရှင်းနှင့် တိုယိုတာ မော်တော်ကားကုမ္ပဏီတို့က ဆုံးဖြတ်ခဲ့ကြသည်။

မစ်ဆူဘီရှီကုမ္ပဏီသည် ထိုင်းနိုင်ငံ လာအန်းချာဘန်းစက်မှုဇုန်ရှိ ယင်းကုမ္ပဏီ ကားထုတ်လုပ်ရေးစက်ရုံကို နိုဝင်ဘာ ၁၄ရက်တွင် ပြန်လည် ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူပင် တိုယိုတာကုမ္ပဏီက ထိုင်းနိုင်ငံ အယုဒ္ဓယပြည်နယ်ရှိ မော်တော်ယာဉ် အပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံကို နိုဝင်ဘာ ၂၁ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အီရန်နှင့်ရုရှား မဟာဗျူဟာမြောက် လုံခြုံရေးစာချုပ် လက်မှတ်ရေးထိုး

**မော်စကို နိုဝင်ဘာ ၁၁**

နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရန်ရည်ရွယ်၍ မဟာဗျူဟာမြောက် လုံခြုံရေးသဘောတူညီချက်ကို အီရန်နှင့်ရုရှားတို့သည် အပြီးသတ်ညှိနှိုင်းဆွေးနွေး ပြီးစီးပြီဖြစ်ကြောင်း သောကြာနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို အီရန်အမျိုးသားလုံခြုံရေးကောင်စီဦးစီးအဖွဲ့ ဒုတိယအတွင်းရေးမှူး အလီဘက်ကာရီနှင့် ရုရှားမှ အလားတူတာဝန်ရှိသူ ယဗ်ဂျီနီလူကြာနော့ဗ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်တွင် လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ထောက်လှမ်းရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များပါဝင်ကြောင်း ဘက်ကာရီက အိုင်အာအန်အေသတင်းဌာနသို့ ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ပုံမှန်ဆွေးနွေးညှိနှိုင်းလေ့ရှိသည်နှင့်အညီ ဆွေးနွေးရန် ရုရှားတာဝန်ရှိသူများက ဘက်ကာရီကို မော်စကိုသို့ ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား တရုတ်ညှော့အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Construction Engineering Group Co., Ltd. မှ General Manager Mr. Liu Yong နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Construction Engineering Group Co., Ltd. မှ General Manager Mr. Liu Yong လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကြည့်မြင်တိုင် ပန်းတဉ်းတန်းဝတ်အသင်း ရွှေပြားသက်န်းတော်များ လှည့်လည်အပူဇော်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်းကြီးမှ ကြီးမှူး၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပူဇော်လှူဒါန်းမည့် တစ်ပြားလျှင် တစ်ပေပတ်လည် အလေးချိန် သုံးကျပ်သားစီရှိသော ရွှေပြားသက်န်းတော် ၂၃ ပြား၊ စုစုပေါင်းအလေးချိန် ၆၉ ကျပ်သား၊ တန်ဖိုးငွေ ၄၁၄ သိန်း လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် (စနေနေ့)တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘောဂ၊ ဆေးငြိမ်း၊ ပန်းလှိုင်၊ သီတာ၊ ထီးတန်း၊ ဈေးကလေး၊ ရိပ်သာ၊ ကမ်းနားဈေး၊ မကျည်းတန်း၊ သာခု၊ ဈေးကြီး၊ အိုးဘို၊ သရက်တောရပ်ကွက်များသို့ လှည့်လည် အပူဇော်ခံမည်ဖြစ်သည်။

နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ လင်းလွန်းတောင်/မြောက်၊ မုန့်လုပ်ဆောင်းကုန်း၊ ရှင်စောပု၊ သီရိခေမာ၊ အောင်ချမ်းသာ၊ ပန်းလှိုင် ဘူတာရပ်ကွက်များသို့လည်းကောင်း လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (၅၄၆)

## မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

**မီးသတ်ဦးစီးဌာန**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ကချင်၊ ကယားပြည်နယ်လွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

**ယနေ့ ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေး(တတိယနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄၆)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း(၁၉)ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ဖြေကြားခြင်း၊ ပြည်နယ်ဥပဒေချုပ်က ရှင်းလင်းဆွေးနွေးခြင်း၊ အဆို(၃)ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်း၊ အဆိုအသစ်(၄)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကယားပြည်နယ်လွှတ်တော် အစည်းအဝေး (တတိယနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးတို့ တက်ရောက်ကြသည်။

**လှူဒါန်း**

အစည်းအဝေး၌ မေးခွန်း(၆)ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ဖြေကြားခြင်း၊ အဆို(၂)ခုအနက် တစ်ခုကို လွှတ်တော်က အတည်ပြုခြင်း၊ အဆိုတစ်ခုကို မေးခွန်းအဖြစ် ပြောင်းလဲအတည်ပြုခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကယားပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် တစ်သိန်းနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် နှစ်သိန်းငါးသောင်း စုစုပေါင်း လှူဒါန်းငွေကျပ် သုံးသိန်းငါးသောင်း လှူဒါန်းမှုအတွက် လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး(ပဉ္စမနေ့)ကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၇၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသော မေးခွန်း(၄၀)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေး(တတိယနေ့) ကျင်းပစဉ်။** (သတင်းစဉ်)





# ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးသိပ္ပံနည်းကျစံပြကွက် စံကွက်ရိတ်သိမ်းပွဲအခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

**၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး သိပ္ပံနည်းကျစံပြစိုက်ကွက် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် လှိုင်ကော်မြို့ ကုန်သာကျေးရွာ ကွင်းအမှတ်(၁၁၈)၊ ဦးပိုင်အမှတ် (၁၁၈/က) ဦးမိုးဇက် လယ်မြေ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ လယ်စိုက်တောင်သူများတက်ရောက်ကြသည်။**

အဆိုပါ စံကွက်ကို ရိတ်သိမ်းရာ မော်ဘီ-၂ စပါးတစ်ဧကလျှင် ၁၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မိုးဗြဲဆည်လက်ယာမြောင်း၊ မြောင်းပုံစံကျ ပြန်လည်ပြုပြင်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀ နာရီတွင် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးကိုးရယ် ဦးဆောင်သောအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ချေးငွေထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ထုတ်ချေးပေး**

အလားတူ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးတော့ရယ် ဦးဆောင်သောအဖွဲ့သည်လည်း ဒီမောဆိုမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ချေးငွေများသွားရောက်ထုတ်ပေးခဲ့သည်။ လှိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ချေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းတည့် ၁၂ နာရီတွင် ဒီမောဆိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဘိန်းမျိုးစေ့ အပ်နှံပွဲအခမ်းအနားသို့ တက်ရောက်ရာ ဒီမောဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ဘိန်းမျိုးစေ့များကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်ထံ အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အထက(ရေကြည်)၏ (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရေကြည် နိုဝင်ဘာ ၁၁**

အထက(ရေကြည်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ (ငွေရတုအထိမ်းအမှတ်)ကို ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ငွေရတုအထိမ်းအမှတ်ကာလအဖြစ် တန်ဆောင်မုန်းလပြည့်ကျော်(၈၊ ၉၊ ၁၀)ရက်များတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ငွေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဒုတိယညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ မက်စ်မြန်မာကုမ္ပဏီများအုပ်စုမှ အလှူငွေ သိန်း ၁၅၀ နှင့် အခြားအလှူရှင်များမှ ၁၀ သိန်း စုစုပေါင်း သိန်း ၁၆၀ ကို အလှူရှင်များက ပေးအပ်ကြပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(ဓာတ်ပုံ)**

ရပ်ဝေးရောက်ပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးဌေးနိုင်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၆၂၆၆၆၊ ဒေါ်သဇင်ဆွေ(ရန်ကုန်) ဖုန်း-၀၉-၅၁၉၂၁၀၉၊ ဦးအုန်းသန်း (တောင်ဖီလာ) ဖုန်း-၀၉-၄၉၂၀၈၈၈၇၊ ဦးညွန့်ဝင်းဇော်(နေပြည်တော်)ဖုန်း-၀၉-၄၉၂၀၀၂၃၅၊ ဦးစန်းဌေး(ပုသိမ်)ဖုန်း-၀၉-၂၁၇၃၂၉၈၊ ဦးကျော်စွာ(ရေကြည်) ဖုန်း-၀၉-၄၉၇၄၉၀၃၃၊ ဦးမျိုးညွန့်(ရေကြည်) ဖုန်း-၀၉-၈၅၈၃၀၀၈၊ ဦးမောင်ကျော်(ရေကြည်)ဖုန်း-၀၄၆-၅၂၃၀၁၊ ဦးသော်ဇင်အုန်း (ရန်ကုန်) ဖုန်း-၀၉-၅၁၆၈၃၈၊ ဦးဇော်လွင်ထွန်း (မိတ္ထီလာ) ဖုန်း-၀၉-၆၈၀၀၀၆၉ နှင့် ဦးခင်မောင်ဦး (မိတ္ထီလာ) ဖုန်း-၀၉-၂၁၆၅၀၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ရိုးသားဖြောင့်မတ်မှန်ကန်သော နိုင်ငံရေးသဘောထားဖြင့် နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့

## ငါးမင်းဆွေ

**ယခုတလော ပြည်ပအသံလွှင့်ဌာနတို့က မြန်မာ့နိုင်ငံရေးလောကတွင် သဘောထားတင်းမာသူ (Hard Liner) များနှင့် သဘောထားပျော့ပျောင်းသူ (Soft Liner) များဟူ၍ နှစ်ဖွဲ့ရှိနေကြောင်း၊ မည်သည့်ပုဂ္ဂိုလ်တို့သည် သဘောထားတင်းမာသူများဖြစ်ကြောင်း၊ မည်သည့်ပုဂ္ဂိုလ်တို့သည် သဘောထားပျော့ပျောင်းသူများဖြစ်ကြောင်း အမည်နာမနှင့်တကွ ပြောဆိုလာကြသည်။ သဘောထားတင်းမာသူကို သဘောထားမှားယွင်းသူ၊ သဘောထားပျော့ပျောင်းသူကို သဘောထားမှန်ကန်သူဟု မီဒီယာများက ရှုမြင်ဖောင်းပေး ရေးသားလေ့ရှိကြပါသည်။**

ပါလီမန်ဒီမိုကရေစီနိုင်ငံရေးခေတ်က သန့်ရှင်းဖဆပလခေါင်းဆောင် ဦးနုအား သဘောထားပျော့ပျောင်းသူဟု ရှုမြင်ခဲ့ကြသည်။ ဦးနုသည် မဲဆန္ဒရှင်အများစုဖြစ်သော ဗုဒ္ဓဘာသာဝင်မြန်မာပြည်သူတို့၏ ထောက်ခံမှုကို ရရှိစေရန် မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ် သတ်မှတ်ပေးမည်ဟု ပြောဆိုခဲ့သည်။ ထိုသို့ ပြောဆိုခဲ့ခြင်းကြောင့် ပြည်သူလူထုအများစုက ဦးနုကို ထောက်ခံခဲ့ကြသည်။ ပမညတခေါင်းဆောင် ဦးသိန်းဖေမြင့်က မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ် သတ်မှတ်ခြင်းသည် အခြားဘာသာများ ကိုးကွယ်သော တိုင်းရင်းသားတို့နှင့် ပဋိပက္ခဖြစ်ပေါ်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခြင်းကြောင့် မြန်မာနိုင်ငံအား ဗုဒ္ဓဘာသာနိုင်ငံအဖြစ် သတ်မှတ်ခြင်းကို လက်မခံခဲ့ပါ။ ထိုစဉ်က ဦးသိန်းဖေမြင့်ကို သဘောထားတင်းမာသူအဖြစ်သတ်မှတ်ပြီး ပြည်သူအများစုက ထောက်ခံမှု မပေးခဲ့ကြပါ။ စာရေးဆရာကြီး ဦးသိန်းဖေမြင့်သည် သာသနာတည်တံ့သန့်ရှင်းရန် ရည်ရွယ်ပြီး "တက်ဘုန်းကြီး" ဝတ္ထုကို ရေးသားခဲ့သောကြောင့် ရဟန်းရှင်လူအများစုက ဆရာကြီးဦးသိန်းဖေမြင့်ကို မုန်းတီးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလပါတီက အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး ဦးသိန်းဖေမြင့် ခေါင်းဆောင်သော ပမညတပါတီသည် အကြီးအကျယ် ရှုံးနိမ့်ခဲ့ပါသည်။

ဦးနု၏ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ် သတ်မှတ်ပေးမည်ဆိုသော ပြောကြားချက်ကြောင့် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသော ကချင်တိုင်းရင်းသားအချို့ လက်နက်ကိုင်တောခိုသွားခဲ့ကြသည်။ သို့အတွက်ကြောင့် ကချင်တိုင်းရင်းသားတို့၏ လက်နက်ကိုင်သောင်းကျန်းမှု စတင်ပေါ်ပေါက်ခဲ့ရသည်။ ဤဖြစ်ရပ်ကြောင့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်များစွာ ဆုံးရှုံးခဲ့ရသည်မှာ ယနေ့ထိတိုင်အောင် ဖြစ်ပါသည်။ ဤဖြစ်ရပ်ကိုကြည့်လျှင် သဘောထားပျော့ပျောင်းသည်ဟု ထင်မှတ်ခဲ့သော ဦးနု၏ နိုင်ငံရေးသဘောထားလုပ်ဆောင်မှုသည် မှန်ကန်ခြင်းမရှိခဲ့ပါ။ သဘောထားတင်းမာသည်ဟု ထင်မှတ်ခံခဲ့ရသော ဦးသိန်းဖေမြင့်၏ နိုင်ငံရေးသဘောထားလုပ်ဆောင်မှုသည် ရိုးသားဖြောင့်မတ်မှန်ကန်သည်ဟု အသေအချာပြောဆိုနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသိန်းဖေမြင့်နှင့် သခင်သန်းထွန်းတို့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးသောအခါ သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ အာဏာရရှိစေရန် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ကျင့်သုံးခဲ့သည်။ ဦးသိန်းဖေမြင့်က ငြိမ်းချမ်းသော၊ အကြမ်းမဖက်သော နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းလုပ်ကိုင်ခဲ့သည်။ သခင်သန်းထွန်းက ဦးသိန်းဖေမြင့်အား ရွှေပြည်အေးကိုယ်တော်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ သခင်သန်းထွန်းသည် သဘောထားတင်းမာသော ကွန်မြူနစ်ဝါဒီဖြစ်ပြီး ဦးသိန်းဖေမြင့်သည် သဘောထားပျော့ပျောင်းသော ကွန်မြူနစ်ဝါဒီဖြစ်သည်။ နောက်ဆုံးတွင် သခင်သန်းထွန်း၏ သဘောထားတင်းမာသော လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်သည် မအောင်မမြင်ဖြစ်ခဲ့ပြီး သခင်သန်းထွန်းသည် ပဲခူးရိုးမတောတွင်းတစ်နေရာတွင် တပည့်ဖြစ်သူ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ထိုပြည်တွင်း သောင်းကျန်းမှုများကြောင့် နိုင်ငံနှင့်လူမျိုးလည်း များစွာအထိနာခဲ့ရသည်။ တင်းမာသောသဘောထားရှိသည့် သခင်သန်းထွန်း၏ နိုင်ငံရေးသဘောထားသည် ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း မရှိခဲ့ပါ။ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ကျင့်သုံးသော သဘောထားပျော့ပျောင်းသည့် ဦးသိန်းဖေမြင့်၏ နိုင်ငံရေးသဘောထားသည် ရိုးသားဖြောင့်မတ်မှန်ကန်ခဲ့သည်ကို ကျွန်တော်တို့ရှင်းလင်းစွာ တွေ့မြင်သင်ခန်းစာ ရခဲ့ကြပြီးဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဖော်ကိုင်ဖက် လက်ရုံးဖြစ်သော ဦးကျော်ငြိမ်းကို သဘောထားတင်းမာသော နိုင်ငံရေးသမား (Hard Liner)ဟု သတ်မှတ်ခဲ့ကြပါသည်။ ၁၉၅၈ ခုနှစ် မေလ ၂၉ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ဆောင်းပါးရှင် မိုးကြိုးက "ဖဆပလနှစ်ခြမ်းကွဲတာ မူအရမဟုတ်၊ ပုဂ္ဂိုလ်ချင်းမသင့်ကြလို့ ဖြစ်တယ်လို့ဆိုကြတယ်။ ဒါကို မိုးကြိုးမငြင်းလိုဘူး။ မိုးကြိုးအမြင်ကတော့ လူနဲ့ ဘီလူးကွဲခြင်းဖြစ်တယ်"ဟု ရေးသားခဲ့သည်။ ဆောင်းပါးရှင် မိုးကြိုးသည် ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလကို ထောက်ခံရေးသားနေသော ဆောင်းပါးရှင်ဖြစ်သည်။ ဆောင်းပါးရှင် မိုးကြိုးက သန့်ရှင်းဖဆပလခေါင်းဆောင် ဦးနုကို လူဟုဆိုလိုခဲ့ပြီး တည်မြဲဖဆပလခေါင်းဆောင် ဦးကျော်ငြိမ်းကို ဘီလူးဟု ဆိုလိုခဲ့ခြင်းဖြစ်သည်။

**နိုင်ငံလွတ်လပ်ရေးရပြီးစအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း သည် သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းရန် အမိန့်ပေးခဲ့သည်။ သို့သော် သစ္စာဖောက်တစ်ဦးကြောင့် ထိုအမိန့် ပေါက်ကြားသွားခဲ့ပြီး သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များ လွတ်မြောက်သွားကာ တောခိုနိုင်ခဲ့ကြသည်။ အကယ်၍ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၏ အမိန့်ပေးစီစဉ်မှုသာ အောင်မြင်ခဲ့ပြီး သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များကို အချိန်မီ ထိန်းသိမ်းနိုင်ခဲ့ပါလျှင် ပြည်တွင်းစစ်မီးကြီး အရှိန်အဟုန်ပြင်းစွာ တောက်လောင်ခဲ့မည်မဟုတ်ပါ။ မြန်မာနိုင်ငံသားပေါင်းမြောက်မြားစွာ၏ အသက်အိုးအိမ်စည်းစိမ်များလည်း ဆုံးရှုံးခဲ့ကြမည်မဟုတ်ပါ။ ဦးကျော်ငြိမ်း၏ သခင်သန်းထွန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းရန်လိုသည်ဆိုသည့် တင်းမာပြတ်သားသော နိုင်ငံရေးသဘောထားမှာ ရိုးသားဖြောင့်မတ်မှန်ကန်သော နိုင်ငံရေးသဘောထားဖြစ်ပါသည်။**

**နိုင်ငံနှင့် လူမျိုးအကျိုးအတွက် နိုင်ငံ့အရေးလုပ်ဆောင်ရာတွင် နိုင်ငံနှင့်လူမျိုးအကျိုးထိခိုက်စေမည့် ကိစ္စရပ်များကို သဘောထားတင်းမာပြတ်သားစွာ ဆန့်ကျင်ဖယ်ရှားကြရပါမည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော အခြေခံလူတန်းစားတို့အား ထိခိုက်နစ်နာစေမည့် ကိစ္စရပ်များကို သဘောထားတင်းမာပြတ်သားစွာ အကြမ်းမဖက်သောနည်းဖြင့် ဆန့်ကျင်ဖယ်ရှားကြရပါမည်။ နိုင်ငံနှင့် လူမျိုးအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို သဘောထားနူးညံ့ပျော့ပျောင်းစွာဖြင့် လက်ကမ်းကြိုဆိုလုပ်ကိုင်ကြရပါမည်။ ဤသည်မှာ နိုင်ငံရေးသဘောထား ရိုးသားဖြောင့်မတ်မှန်ကန်ခြင်းဖြစ်သည်။ ယနေ့ပြည်ပအသံလွှင့်ဌာနတို့၏ မည်သူသည် သဘောထားတင်းမာသူဖြစ်သည်။ မည်သူသည် သဘောထားပျော့ပျောင်းသူဖြစ်သည်ဟု ပြောဆိုနေကြခြင်းသည် မြန်မာ့နိုင်ငံရေးသမားများနှင့် မြန်မာပြည်သူတို့အကြား၊ မြန်မာနိုင်ငံရေးသမားအချင်းချင်းအကြား သပ်လျှိုသွေးခွဲ ရန်တိုက်ပြောဆိုနေခြင်းသာဖြစ်သည်။ တကယ်တော့ နိုင်ငံရေးသမားသည် အရာကိစ္စခပ်သိမ်းကို သဘောထားတင်းမာ၍ မရပါ။ အရာကိစ္စခပ်သိမ်းကို သဘောထားပျော့ပျောင်း၍လည်း မရပါ။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တင်းမာသင့်သည့်နေရာတွင် တင်းမာပြီး ပျော့ပျောင်းသင့်သည့်နေရာတွင် ပျော့ပျောင်းကြရပါမည်။ ဤသို့သော နိုင်ငံရေးသမားသည် ရိုးသားဖြောင့်မတ်မှန်ကန်သော နိုင်ငံရေးသဘောထားရှိသူဖြစ်သည်။ မိမိနှင့် မိမိပါတီအား လူထုထောက်ခံမှုရရှိစေရန် တစ်နည်းအားဖြင့် နိုင်ငံရေးအကျိုးအမြတ်ရရှိစေရန် တင်းမာသင့်သည့်နေရာတွင် ပျော့ပျောင်းနေပြီး ပျော့ပျောင်းသင့်သည့်နေရာတွင် တင်းမာနေလျှင် ထိုနိုင်ငံရေးသမားသည် ရိုးသားဖြောင့်မတ်မှန်ကန်မှုမရှိသော နိုင်ငံရေးသဘောထားရှိသူဖြစ်သည်။**

အချုပ်အားဖြင့် တင်ပြရပါလျှင် မည်သူသည် သဘောထားတင်းမာသူဖြစ်သည်။ မည်သူသည် သဘောထားပျော့ပျောင်းသူဖြစ်သည် စသည့် သပ်လျှိုသွေးခွဲ ရန်တိုက်ပေးနေသော ပြည်ပအသံလွှင့်ဌာနတို့၏ အခြေအမြစ်မရှိသည့် စကားများကို မြန်မာပြည်သူတို့က အယုံအကြည်မရှိကြတော့ပါ။ ယနေ့မြန်မာ့နိုင်ငံရေးသမားများနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးသည် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ရိုးသားဖြောင့်မတ်မှန်ကန်သော နိုင်ငံရေးသဘောထားဖြင့် အတူတကွလက်တွဲပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရန် ဝိုင်းဝန်းတည်ဆောက်နေကြပြီဖြစ်ပါသောကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် များစွာကျေနပ်ဝမ်းမြောက်ဖြစ်ကာ သာဓုခေါ်လျက်ရှိကြပါသည်။ ။

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ "Ever Flow River Group of Companies" ၏ ကူညီပံ့ပိုးမှုတို့ဖြင့် နိုဝင်ဘာ ၁၉ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR) က "လူတစ်ဦးစီနှင့် အဖွဲ့အစည်းတစ်ခုစီ၏ လေ့လာသင်ယူမှုမှ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဆီသို့" "From Learning Individual and Learning Organization to Developed Country" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောက်စိမ်းအချောထည်များ ပြည်ပတင်ပို့ ရောင်းချရေး One Stop Service Centre ဖွင့်

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တန်ဖိုးမြင့် ကျောက်စိမ်းအချောထည်များ လွယ်ကူလျင်မြန်စွာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် One Stop Service Centre ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး) ရုံးခွဲ၌ ကျင်းပသည်။ ကျောက်စိမ်းအချောထည်များ တရားဝင်ပြည်ပသို့ သယ်ဆောင်ရောင်းချခွင့်ရသောကြောင့် ဈေးကွက်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်များက သုံးသပ်ကြသည်။ ယခင်ခေတ်ကာလများ၌ ကျောက်စိမ်းတရားမဝင် သယ်ဆောင်ရောင်းဝယ်မှုကြောင့် ဖမ်းဆီးခံရပါက ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သည်။

One Stop Service လုပ်ဆောင်မှုတွင် သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ကျောက်စိမ်းအချောထည်များ တင်ပို့ရောင်းချရေးအတွက် ပေးဆောင်ရမည့် နှုန်းထားများအနေဖြင့် ကျောက်စိမ်းလက်ကောက်တစ်ကွင်း ကျပ် ၃၀၀၊ လွှာချပ်တစ်ကီလိုဂရမ် ကျပ် ၂၀၀၀၊ လွှာချပ်(ပန်းစပါး) ကျပ် ၅၀၀၀၊ ပုတီးတစ်ကီလို ကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

(၆၅၃)



**ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂ မှ ၁၉၈၈(၁၉၉၁) ပညာသင်နှစ် ဥပဒေတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့ရာ ၁၉၈၃ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအရစ် အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် ကော်မတီဝင်များ လက်ခံရယူစဉ်။** (ကြေးမုံ)

## ခင်ဦးမြို့နယ်၌ ကျေးရွာသုံးစိုက်ခင်း လွှဲပြောင်းပေးအပ်

**ရွှေဘို နိုဝင်ဘာ ၁၁**

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ စီမံကြီးကြပ်၍ ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျေးရွာတစ်ရွာ ကျေးရွာသုံး ယူကလစ်စိုက်ခင်း တစ်ဧကစီအား စိုက်ပျိုးပြီးစီးခဲ့သည့် ကျေးရွာငါးရွာသို့ စိုက်ခင်းများ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသိန်းအောင်နှင့် တောအုပ်ဦးသက်ညဏ်ဦးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများအား စိုက်ခင်းများနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ကြသည်။

ထို့အပြင် ကျေးရွာနှစ်ရွာအတွက် လူတစ်ဦးလျှင် ကျွန်းပင်တစ်ပင်နှုန်းဖြင့် ကျွန်းပင် ၃၀၀၀ တို့ကို ဖြန့်ဝေစိုက်ပျိုးခဲ့ပြီး ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းဘေးဝဲ၊ ယာရှိ ယူကလစ်ပင်တန်းများ ထိန်းသိမ်းကာကွယ်ရေးအတွက် နာနတ်ရိုင်းပင် ၃၃၀၀ ကို စိုက်ပျိုးပြီး သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခါးဆွခြင်းနှင့် မြေဩဇာကျွေးခြင်းလုပ်ငန်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်သစ်တောဦးစီး)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၁-၂၀၁၁ (စနေနေ့)**

### နံနက်ပိုင်း

| | |
|---|---|
| ၇း၀၀ | ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၂။ ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၈း၀၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၈း၁၀ | ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၂၀ | ၇။ "သုတရောင်စုံပန်းခင်း" |
| ၈း၃၀ | ၈။ ကဗျာပန်းဥယျာဉ် |
| ၈း၄၀ | ၉။ International News |
| ၈း၄၅ | ၁၀။ တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ အစီအစဉ်ပြီး၏။ |

### နေ့လယ်ပိုင်း

| | |
|---|---|
| ၁၁း၀၀ | ၁။ စစ်သည်တေး |
| ၁၁း၁၀ | ၂။ တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၅၀ | ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ" |
| ၁း၀၀ | ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဝွန်း" (အပိုင်း-၂၂)** |
| ၂း၀၀ | ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၂း၁၅ | ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၂း၂၅ | ၉။ "ပိုင်-မောင်း-ရောင်း-ဘသောင်း" |
| ၂း၅၀ | ၁၀။ International News |
| ၃း၀၀ | ၁၁။ အစီအစဉ်ပြီး၏။ |

### ညပိုင်း

| | |
|---|---|
| ၄း၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ အဆိုပြိုင်ပွဲ |
| ၄း၂၀ | ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄း၃၀ | ၄။ တေးဂီတအစီအစဉ် |
| ၄း၄၀ | ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၄း၅၅ | ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ International Science News |
| ၅း၁၅ | ၈။ သူရွှေးသီရာတေးကဗျာ |
| ၅း၃၀ | ၉။ လှပစုံလင်အာဆီယံတစ်ခွင် |
| ၅း၄၀ | ၁၀။ "စွယ်တော်မြတ်ပူဇော်ရေး ခရီးစဉ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း" |
| ၆း၀၀ | ၁၁။ ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ် |
| ၆း၃၅ | ၁၄။ ယဉ်တစ်ကိုယ်မယ်(ဆုမြတ်နိုးဦး) |
| ၇း၀၀ | ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၃၁)** |
| ၈း၀၀ | ၁၆။ ပြည်တွင်းသတင်း |
| | ၁၇။ နိုင်ငံတကာသတင်းများ |
| | ၁၈။ မိုးလေဝသအခြေအနေ |
| | ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၄)** |
| | ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၂၄)** |
| | ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၂။ အစီအစဉ်ပြီး၏။ |

# ပုပ္ပားတောင်ကလပ်တွင် နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်း ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၁**

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတွင်တည်ရှိသော ပုပ္ပားတောင်ကလပ်တွင် နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ စည်ကားစွာလာရောက်လည်ပတ် လေ့လာလျက်ရှိကြောင်းသိရသည်။

'တစ်နှစ်ပတ်လုံးလိုလို တောင်ကလပ်မှာ လာရောက်လည်ပတ် လေ့လာကြတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ၊ ပြည်တွင်းဘုရားဖူးဧည့်သည်တွေနဲ့ နေ့စဉ်နေ့တိုင်း စည်ကားနေတာပါ။ပုဂံ-ညောင်ဦးဘက်က အပြန်ခရီးမှာ ပုပ္ပားတောင်ကလပ်ဘက်ကို ဝင်ရောက်လည်ပတ်ကြတဲ့သူတွေများပါတယ်။ ဒီဇင်ဘာကျောင်းပိတ်ရက်မှာလည်း ကျောင်းသား၊ ကျောင်းသူတွေအဖွဲ့လိုက် တောင်ကလပ်ပေါ်တက်ပြီး တောင်တက်ပွဲတွေ လုပ်ကြပါတယ်။ ပုပ္ပားတောင်ကလပ်မှာ အထူးခြားဆုံးနေ့၊ အစည်ကားဆုံးနေ့ကတော့ နှစ်စဉ် တော်သလင်းလဆန်းနှစ်ရက်နေ့ပါ။ အဲဒီနေ့က အဘဘိုးမင်းခေါင် အောင်ပွဲကျင်းပတဲ့နေ့လေ။ ဒေသစုံကဘာသာရေးသမားတွေ တစ်ဦးချင်းရော၊ အဖွဲ့လိုက်ရော စုပေါင်းရောက်လာကြပြီး ဘိုးမင်းခေါင် အောင်မြေနေရာမှာ အောင်ပွဲပြုလုပ်ဆင်နွှဲကြတယ်။ အဲဒီနေ့မှာ လူတွေကြိတ်ကြိတ်တိုးစည်ကားတာ တောင်ကလပ်ဘေးခြေချစရာနေရာ မရှိလောက်အောင် ကြက်ပျံမကျလို့ ပြောလို့ရတယ်'ဟု ပုပ္ပားတောင်ကလပ်မှ ဒေသခံဈေးသည် တစ်ဦးက ဆိုသည်။



ပုပ္ပားတောင်ကလပ်သည် အမြင့်ပေ ၄၈၁၇ ပေ မြင့်ပြီး စိမ်းလန်းစိုပြည်နေသော သစ်တောများဖုံးလွှမ်းထားသည့် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အညာမြေပြန့်ဒေသရှိ တစ်ခုတည်းသော တောင်ကလပ်ဖြစ်ကာ လှပသာယာသော တောင်ပေါ် တောင်အောက်ရှုခင်းများ၊ ဆေးဖက်ဝင် ဆေးမြစ်ဆေးဥများ၊ သဘာဝရေထွက် စမ်းငယ်များ တည်ရှိသောကြောင့် ပြည်တွင်းဘုရားဖူးဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်များပါ စိတ်ဝင်တစား လာရောက်လေ့လာလည်ပတ်ခြင်း ဖြစ်သည်။

'ပြင်သစ်နိုင်ငံက လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေရဲ့ ခရီးသွားလမ်းညွှန်အဖြစ်လိုက်ပါ ပို့ဆောင်ပေးတာပါ။ ပုဂံညောင်ဦးဘက်က အပြန်ခရီးမှာ ပုပ္ပားတောင်ကလပ်ဘက်ကို ဝင်ရောက် လည်ပတ်တာဖြစ်ပါတယ်။ ဒီကနေ အင်းလေး၊ တောင်ကြီးဘက်ကို ဆက်လက်သွားရောက်မှာပါ။ ပုဂံညောင်ဦးကနေ တောင်ကလပ်ဘက်လာတော့ တောင်ကလပ်တက်တဲ့လမ်းက ကျဉ်းပြီး နည်းနည်းဆိုးပါတယ်။ အန္တရာယ်ကွေ့ အတက်လမ်းမှာတော့ လမ်းပြင်နေတာတွေ့ခဲ့ပါတယ်။ ခရီးလမ်းချောမွေ့ရင် နိုင်ငံခြားခရီးသွားဧည့်သည်တွေကို လိုက်ပါပို့ဆောင်ပေးရတာ ပိုပြီးမျက်နှာပန်းလှပါတယ်။ တောင်ကလပ်ပေါ်မှာ ပြည်တွင်းဘုရားဖူး ဧည့်သည်တွေက မျောက်ကလေးတွေ အစာကျွေးနေတဲ့ မြင်ကွင်းမျိုးကို နိုင်ငံခြားခရီးသွားဧည့်သည်တွေက သဘောကျနှစ်သက်ပါတယ်၊ တောင်ကလပ်ပေါ်ကနေ တောင်မကြီးဘက်ကို လှမ်းမြင်ရတဲ့ ရှုခင်းနဲ့ ပုဂံမျှော်နန်းနေရာကနေ ပုဂံဘက်ကိုလှမ်းကြည့်ရတဲ့ ရှုခင်းကလှကြောင်းလည်း သူတို့ကပြောပါတယ်' ဟု ပြည်တွင်းဧည့်လမ်းညွှန် အမျိုးသမီးတစ်ဦးကဆိုသည်။

ပုပ္ပားဒေသသည် ပြည်တွင်းဘုရားဖူးဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များပါ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့လာရာ ဒေသတစ်ခုဖြစ်သောကြောင့် နိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိမှုကို များစွာအထောက်အကူပြုနေသောဒေသတစ်ခု ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

(၅၇၉)

ပုပ္ပားတောင်ကလပ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ သဘာဝရှုခင်းအလှများကို စိတ်ဝင်တစား ကြည့်ရှုခံစားနေကြစဉ်။

# မြန်မာနိုင်ငံ၏ အသေးငယ်ဆုံးကြက်ဥဖြစ်ဖွယ်ရှိ

**ကျိုက်ထို နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်း စံပြကျေးရွာ သိပ္ပံလမ်းနေ လယ်သမားကြီး ဦးစကစ်ကြိုင် မွေးမြူထားသော ကြက်မတစ်ကောင်မှ ဥသောကြက်ဥတစ်လုံးသည် အရှည် ၂ ဒသမ ၂ စင်တီမီတာသာရှိသဖြင့် မြန်မာနိုင်ငံ၏ အသေးငယ်ဆုံး ကြက်ဥဖြစ်ဖွယ် ရှိကြောင်းသိရသည်။ **(ယာပုံ)**

ဦးစကစ်ကြိုင်၏နေအိမ်၌ မွေးမြူထားသော ကြက်မတစ်ကောင်သည် ပထမအကြိမ် ဥစဉ်က ထူးခြားမှု မရှိသော်လည်း ဒုတိယအကြိမ် လွန်ခဲ့သော စက်တင်ဘာလလယ်လောက်က ဥရာ၌ ငါးလုံးမြောက်ဥမှာ ပရုပ်လုံးအသေးအရွယ်ခန့်သာရှိသဖြင့် ကော့ထင်းစံပြကျေးရွာ နိုင်ငံတော်သြဝါဒါစရိယ အောင်သပြေကမ္မဋ္ဌာန်း ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ လှူဒါန်းခဲ့သည်။

စက်တင်ဘာ ၁၆ ရက်ကလည်း ကမ္ဘာ့အသေးငယ်ဆုံး ဂင်းနစ်မှတ်တမ်းဝင်ခဲ့သည့် အရှည် ၂ ဒသမ ၁ စင်တီမီတာရှိသည့် ကြက်ဥတစ်လုံး တရုတ်နိုင်ငံ ဟေဘေးပြည်နယ်မြောက်ပိုင်း ဟန်ဒန်မြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ ဥခဲ့ပြီး မြန်မာနိုင်ငံ၌လည်း ထိုနေ့မှာပင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၁)ရပ်ကွက်တပ်မိသားစုများနေထိုင်ရာ လိုင်းထဲရှိ ဦးထွန်းညွန့်အောင် မွေးမြူထားသော ကြက်မတစ်ကောင်မှ အရှည် ၂ ဒသမ ၆ စင်တီမီတာရှိသော ကြက်ဥတစ်လုံး ဥခဲ့ကြောင်းသိရသည်။ အောင်သပြေဆရာတော်ကြီးထံလှူဒါန်းထားသော အဆိုပါ ကြက်ဥလေးမှာ တစ်လကျော်ရှိပြီဖြစ်သော်လည်း ယနေ့ထက်တိုင် ပုပ်သွားခြင်းမရှိသေးဘဲ အကောင်းပကတိအတိုင်း ရှိနေဆဲဖြစ်သည်။

မင်းထက်ဟိန်း (သိမ်ဇရပ်)



# လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြော၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက်က လှိုင်သာယာ အထက(၂) ခန်းမ၌ ကျင်းပပြီး အမျိုးသမီးရေးရာအဖွဲ့ သက်ငယ်အဖွဲ့ဝင်များအား ဝတ်စုံများကို ပေးအပ်ကာ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ဟောပြောပေးခဲ့ကြသော ရဲအုပ်မင်းနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းရည်ဦးတို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် တာဝန်ရှိသူများသည် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသော အလှူငွေများကို မြို့နယ်အတွင်းရှိ (၁၀၊၁၅၊ ၁၉)ရပ်ကွက်များမှ အဘိုးအဘွားတို့အား လက်ဆောင်ပစ္စည်းများကို အိမ်တိုင်ရာရောက် လှူဒါန်းကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၄၉)



# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သိမှတ်ဖွယ်ရာ သတင်းမှတ်စု

# လမ်းအသုံးပြုသူများ

*နေ့စဉ်နှင့်အမျှ လူတို့သည် လမ်းများကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြရသည်။ လမ်းအသုံးပြုသူများ တဖြည်းဖြည်းတိုးတက် များပြားလာကြသကဲ့သို့ လမ်းများတွင် သွားလာနေသည့် ယာဉ်အစီးရေမှာလည်း တိုးတက်များပြားလာသည်။ ယနေ့ကာလ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ သို့ပင် ရောက်ရှိလာသည်။ များပြားလာသော လူဦးရေအတွက် သယ်ယူပို့ဆောင်ပေးနေသည့် ယာဉ်များလည်း တိုးတက်များပြားလာသဖြင့် အန္တရာယ်ကင်း၍ လုံခြုံစိတ်ချရသော စိတ်အေးချမ်းသာစွာ သွားလာနေကြရသည့် လမ်းများဖြစ်နေရေးသည် အရေးပါလာလျက်ရှိသည်။ ချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၊ မဖွံ့ဖြိုးသေးသောနိုင်ငံများတွင် ယာဉ်အန္တရာယ်၏ ခြိမ်းခြောက်မှုကို အလူးအလဲခံနေကြရသည်။ မော်တော်ယာဉ်ထုတ်လုပ်လိုက်သော ချမ်းသာသည့် နိုင်ငံများထက် ဆင်းရဲသောနိုင်ငံများက ယာဉ်အန္တရာယ်ကို ပိုမိုကြုံတွေ့နေရခြင်း ဖြစ်သည်။*

*ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များ ပြည့်စုံကောင်းမွန်ခြင်းမရှိသေးသည့်အပြင် ယာဉ်သွားလာမှုများကလည်း စနစ်မကျသောကြောင့် ယာဉ်ကြောရှုပ်ထွေးမှုများဖြစ်ကာ ယာဉ်မတော်တဆမှုများလည်း အဖြစ်များလျက်ရှိသည်။ အထူးသဖြင့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးနေသူအများစုမှာ လူငယ်လူရွယ် လူလတ်ပိုင်းများ အများဆုံးပါဝင်နေသည့်အတွက် အလုပ်လုပ်နိုင်စွမ်းအားရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေကြရသည်။*

*ကမ္ဘာ့နိုင်ငံအသီးသီးရှိ လမ်းများပေါ်တွင် ယာဉ်အန္တရာယ်ကြောင့် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၃ သန်းခန့် သေဆုံးမှုရှိနေပြီး သန်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရ ဒုက္ခိတဘဝကို ရောက်ရှိနေကြရသည်။ တစ်နာရီလျှင် ယာဉ်မတော်တဆမှုပေါင်း ၄၀၀ နှုန်းခန့်ဖြစ်ပေါ်နေသည်ဟု ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ကြီး၏ အစီရင်ခံစာအရသိရသည်။ ယာဉ်မတော်တဆမှုကြောင့် နေ့စဉ် လူဦးရေ ၃၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်နေပြီး လူ ၄၀၀ တင်ဆောင်နိုင်သော ခရီးသည်တင်လေယာဉ်ကြီး ခုနစ်စင်း ပျက်စီးနေသည်နှင့် အလားသဏ္ဌာန်တူနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာမှုအစီရင်ခံစာကို ကိုးကား၍ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော ယာဉ်အန္တရာယ် လျှော့ကျရေး အသိပညာပေး စာတမ်းဖတ်ပွဲတွင် ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က စာတမ်းပြုစု ဖတ်ကြားခဲ့သည်။*

*မြန်မာနိုင်ငံသည် ယာဉ်အစီးရေပမာဏ မများပြားသော်ငြား ယာဉ်ကြောင့်ဖြစ်ပေါ်နေသော သေဆုံးမှုမှာ များပြားလျက်ရှိသည်။ နှစ်စဉ် ယာဉ်မတော်တဆမှုကြောင့် လူထောင်ကျော် သေဆုံးမှုရှိနေပြီး လူဦးရေ တစ်သိန်းလျှင် လူ ၂၅ ဦးခန့် သေဆုံးနေရသည်။ ယာဉ်အစီးရေ၊ လူဦးရေနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု၊ သေဆုံးမှုကို အချိုးချကြည့်ပါက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများတွင် ဒုတိယအများဆုံး ဖြစ်ပေါ်နေသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါပြီးလျှင် သေဆုံးမှုအများဆုံးမှာ ယာဉ်နှင့်ဆက်စပ်သော ထိခိုက်မှုများကြောင့်ပင်ဖြစ်သည်။ ယာဉ်အစီးရေ အများဆုံးဖြစ်သော ရန်ကုန်တွင် ယာဉ်မတော်တဆ ဖြစ်ပွားမှု အများဆုံးဖြစ်သော်လည်း မော်တော်ဆိုင်ကယ်အစီးရေ များပြားသော နယ်မြို့များတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုပမာဏ အများဆုံးဖြစ်နေသည်မှာ သတိပြုဆင်ခြင်ဖွယ်ရာပင်ဖြစ်သည်။*

*ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နေအိမ်များမှ စတင်ထွက်ခွာ၍ လမ်းများကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြသော လမ်းအသုံးပြုသူများ ကြုံတွေ့နေရသည့် ယာဉ်အန္တရာယ်၏ ခြိမ်းခြောက်မှုသည် တစ်နေ့ထက်တစ်နေ့ ကြီးမားလာလျက်ရှိသည်။ ထိုပြဿနာရပ်များကို ကြိုတင်ဖြေရှင်းထားနိုင်မှသာ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးပွားလာဦးမည့် လူဦးရေ၊ ယာဉ်အစီးရေတို့နှင့်အတူ လုံခြုံစိတ်ချရသောလမ်းများ၊ ယာဉ်များနှင့် သွားလာမှုများရှိနိုင်ကြမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက တန်ဖိုးရှိသော လူ့စွမ်းအားအရင်းမြစ်များ နေ့စဉ်ဆုံးရှုံးနေရဦးမည်သာဖြစ်သည်။ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်ခဲ့သော စစ်ပွဲကြီးများ၊ သဘာဝဘေးအန္တရာယ်ဆိုးကြီးများထက် ပိုမိုကြောက်စရာကောင်းနေသည်မှာ ယာဉ်အန္တရာယ်ပင်ဖြစ်သည်။*

*ယာဉ်မတော်တဆထိခိုက်သေဆုံးမှုသည် အဓိကလူထုကျန်းမာရေးလုပ်ငန်းတစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၆၂ ခုနှစ်ကတည်းက ကြေညာခဲ့သည်။ ယာဉ်အန္တရာယ်၏ ခြိမ်းခြောက်မှု ပိုမိုကြီးမားလာနိုင်သည်ဟု ပညာရှင်များ ကြိုတင် သတိပေးထားသည့် ၂၀၂၀ ပြည့်နှစ်သို့မရောက်ရှိမီ ထိရောက်သော လှုပ်ရှားမှုများ၊ ပညာပေးမှုများဖြင့် ယာဉ်အန္တရာယ် လျော့ကျရေးဆောင်ရွက်မှုဆယ်စုနှစ် (၂၀၁၁-၂၀၂၀)ကို မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ လမ်းအသုံးပြုနေသူ လူသားများ၏ တာဝန်ပင်ဖြစ်နေတော့သည်။*

**သတင်းမှတ်စု -အိရွှေစင်ဝင်း**

# ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ သစ်လုပ်ငန်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၏ အမည်စာရင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၊ မိမိတို့၏ ကျောင်းထောက်ခံချက် အမှတ်စာရင်းများကို အသင်းတိုက် အမှတ်(၂၀၃) (၃၇)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဦးညွန့်မြင့် ဖုန်း-၀၉-၄၉၂၆၃၃၇၇၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇၊ ဦးစန်းအောင် ဖုန်း-၅၇၇၇၂၉၊ ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉၊ ဦးမြင့်စိန် (ကျောင်းကုန်း၌နေ) ဖုန်း-၀၄၆-၄၀၃၀၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❖ ကျောဖုံးမှ

မော်တော်ယာဉ်များ၊ စက်ပစ္စည်းကိရိယာအမျိုးမျိုး၊ လယ်ယာသုံးစက်ကိရိယာများ၊ သံနှင့် သံမဏိပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်နှင့် လူသုံးကုန်များအပြင် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ ပညာရေးသင်တန်းများ၊ အကျိုးဆောင်လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ၊ ခရီးသွားလုပ်ငန်းများပါ ပြသထားသည်။ (သတင်းစဉ်)





**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး Enterprise India Show 2011 ပြပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

○ သယ်န်းကျွန်းမှ

ပိုက်လိုင်းမှလာသော ရေကို တွန်းစက်များမှ ထပ်ဆင့်တွန်းပို့ပေးဝေနေပြီး ရေပေးဝေမှုတွင် အခက်အခဲများ မရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုမြို့နယ်မှာ ရေပို့ပိုက်လိုင်းနှင့် အဝေးဆုံးတွင်ရှိခြင်း၊ မြို့နယ်ဧရိယာ ကျယ်ပြန့်ခြင်းတို့ကြောင့် လျှပ်စစ်မီး ကောင်းစွာရရှိချိန်တွင် အခက်အခဲမရှိသော်လည်း ညောင်နှစ်ပင်ရေတွန်းစက်ရုံနှင့် ရေတွန်းစက်ငယ်များတွင် လျှပ်စစ်မီးပြတ်တောက်ချိန် ခက်ခဲမှုများ မဖြစ်စေရန် လိုအပ်သော စီစဉ်ဆောင်ရွက်မှုများဖြင့် လုပ်ဆောင်ပေးနေပြီဖြစ်သည်။

ရေပို့ပိုက်လိုင်းဖြင့် ဝေးကွာခြင်းကြောင့် လျှပ်စစ်မီးပြန်လည်ရရှိချိန်၌ ရေရောက်ချိန် ကြာမြင့်မှုမရှိစေဘဲ ရေပြတ်တောက်ချိန်နည်းပါးကာ ရေအမြန်ရောက်ရှိနိုင်စေရန် ၂၀၀၈ ခုနှစ်တွင် ပါရမီရေတွန်းစက်ရုံကို တည်ဆောက်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် အဝီစိတွင်းလေးတွင်းကို လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် အဝီစိတွင်း ခုနစ်တွင်းကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အဝီစိတွင်း လေးတွင်းကို လည်းကောင်း စသည်ဖြင့် ရေလိုအပ်သည့် ရပ်ကွက်များတွင် ရေအားဖြည့် တူးဖော်ပေးနိုင်ခဲ့ခြင်းကြောင့် ယခင်က အဆိုပါမြို့နယ်အတွင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဝီစိတွင်းပေါင်း ကိုးတွင်းသာ တူးဖော်ထားရှိရာမှ ယခုအခါ စုစုပေါင်း အဝီစိတွင်း ၂၄ တွင်းဖြင့် ရေအားဖြည့်ပေးဝေလျက်ရှိသည်။

ထို့အပြင် အချိန်တိုအတွင်း ရေရောက်ရှိနိုင်စေရန် သံသုမာလမ်းနှင့် ကျိုက္ကဆံချောင်းဆုံရာနေရာအနီးတွင် ထပ်ဆင့်ရေတွန်းစက်ရုံကို တည်ဆောက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေပိုက်ဖြတ်သန်းလာသော မြောက်ဥက္ကလာပမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ရှိ အဖွင့်အပိတ် ဆောင်ရွက်ရသော ရေဘားများကို ပြုပြင်ကာ သတ်မှတ်ချိန်အတိုင်း ဖွင့်ပိတ်ခြင်းတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်ခြင်းတို့ကြောင့် ယခင်ကထက် ယခုအခါ ရေဖိအား ပိုမိုရရှိနေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့သော ရေတိုစီမံကိန်းအပြင် ရေရှည်စီမံကိန်းအဖြစ် ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း (ဒုတိယအဆင့်) ရှိ ရေဂါလန် ၄၅ သန်းအနက်မှ ရေဂါလန် ငါးသန်းကို ရေပို့ပိုက်လိုင်းများ သွယ်တန်းကာ ထပ်မံအားဖြည့်၍ ရေပေးဝေသွားနိုင်ရန် စီစဉ်ထားသည်။ (၆၈၀)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မိတ္ထီလာတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ပထမဆုံးအကြိမ် ကာတွန်းပြပွဲ ကျင်းပ



**မိတ္ထီလာ နိုဝင်ဘာ ၁၁**

မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ် ပထမဆုံးအကြိမ် ကာတွန်းပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ခင်းကျင်းပြသထားသည်။

ဖောင်တော်ဦး စေတီတော်အနီး ကန်ပတ်လမ်းတစ်လျှောက်တွင် ခင်းကျင်းပြသရာ တန်ဆောင်တိုင်မီးထွန်းပွဲတော်လာရောက်လည်ပတ်သည့် ရပ်ဝေးဧည့်သည်များနှင့် ဒေသခံများက မီးထွန်းကာတွန်းပြပွဲတွင် ပြသထားသည့်တစ်ကွက်ကာတွန်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်းသိရသည်။**(အပေါ်ဝဲပုံ)**

"ဒီနှစ်လောက် စည်ကားတဲ့ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မမြင်တွေ့ရတာကြာပါပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်နောက်ပိုင်းမှာ အစည်ကားဆုံး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖြစ်ပါတယ်။ ထူးထူးခြားခြား ပထမဆုံးအကြိမ် ကာတွန်းပြပွဲ ကျင်းပပြီး ကန်ကိုဖြတ်တဲ့ ပြည်ထောင်စုတံတားကြီးတစ်လျှောက် ရောင်စုံလျှပ်စစ်မီးရောင်တွေ သွယ်တန်းထွန်းလင်း ပြင်ဆင်ပေးထားတာကို လူတိုင်းသဘောကျနှစ်သက်ကျပါတယ်။ ရေလယ်စေတီတော် ကန်ရေပြင်အနီးက မီးကြာမျှောပွဲ၊ နဂါးရုံမဟာဗောဓိစေတီတော်ပရိဝုဏ်အတွင်းက မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြပွဲတွေမှာလည်း လူတွေ ကြိတ်ကြိတ်တိုး စည်ကားပါတယ်"ဟု မိတ္ထီလာဒေသခံတစ်ဦးက ပြောပြသည်။ (၅၇၉)

## အထက(၂)အလုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

အထက(၂)အလုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် ရှစ်မိုင် ပြည်လမ်း ရန်ကုန်မြို့ ရွှေဘဲစားတော်ဆက်၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဆရာဦးအောင်မြင့် ဖုန်း-၀၉-၇၃၁၈၆၄၅၅၊ ဆရာမဒေါ်မြမြအေး ဖုန်း-၀၁-၆၆၄၄၀၁၊ ဒေါက်တာသိန်းကြူ ဖုန်း-၀၉-၂၀၀၁၄၉၃၊ ပါမောက္ခချုပ် မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဖုန်း-၀၂-၈၀၂၄၀၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်အီဗာ ဖုန်း-၀၉-၂၁၀၀၂၃၄၊ ဦးချိုမြင့် ဖုန်း-၀၉-၅၁၅၁၅၅၇၊ ၀၉-၅၅၅၂၇၅၅၊ ဦးအောင်မိုးကျော် ဖုန်း-၀၉-၈၆၂၂၉၇၁၊ ဒေါ်နန့်လင်းဒါ ဖုန်း-၀၉-၄၉၂၇၆၅၇၈၊ ဦးမြစိုး ဖုန်း-၀၉-၈၅၅၂၄၃၃၊ ဦးတိုင်းကျော် ဖုန်း-၀၉-၇၃၀၅၉၈၀၇၊ ဦးဌေးလှိုင် ဖုန်း-၀၉-၅၀၉၈၈၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ ဘုံကထိန်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မူလသံကြိုးတိုင်ရွာကျောင်း ငြိမ်းအေးအောင် ပရိယတ္တိကျောင်းတိုက်၌ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မဟာဘုံကထိန်ပွဲတော် ကျင်းပရာ ငွေစန္ဒာပဲသန့်စက်ရုံ မိသားစုနှင့် အလှူရှင်တို့က သံဃာတော်များအား ဆွမ်း စသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (ကြေးမုံ)



**ဆင်းရဲမှုပပျောက်ရေး အထိမ်းအမှတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂/က)စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ် စက်တင်ဘာ ၂၈ ရက်က အမက (၄) ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ်မြောက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။** (၅၃၂)



**၂၀၁၁ - ၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၈ ရက် နံနက်က ဝါးခယ်မမြို့ သံကြိုးတိုင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခိုင်ဇာနှင်းဝေအား ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်း ဆုပေးအပ်ချီးမြှင့်စဉ်။** (၁၈၂)

## ဘရက်ဒ်ပစ် ကိုရီးယားသို့ သွားမည်



ဟောလိဝုဒ် ထိပ်တန်းစာရင်းဝင် မင်းသားတစ်ဦးဖြစ်သည့် ဘရက်ဒ်ပစ် **(အပေါ်ပုံ)**သည် ၎င်း၏ နောက်ဆုံးရိုက်ကူးထားသည့် Moneyball ရုပ်ရှင်ကား အရောင်းမြှင့်တင်ရေး ပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဘရက်ဒ်ပစ်၏ ရုပ်ရှင်ကား တောင်ကိုရီးယားနိုင်ငံတွင် အရောင်းမြှင့်တင်ရေးအတွက် ဒေသခံတာဝန်ရှိသူတစ်ဦးက ဘရက်ဒ်ပစ်သည် နိုဝင်ဘာ ၁၅ ရက်တွင် တောင်ကိုရီးယားမီဒီယာများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ သို့သော် ၎င်း၏ဇနီးဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီနှင့် ၎င်းတို့၏ သားသမီးခြောက်ယောက် ပါ၊ မပါနှင့် မည်သည့်နေ့တွင် ရောက်ရှိမည်ဆိုသည့် အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယခုခရီးစဉ်သည် ဘရက်ဒ်ပစ်အတွက် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်မည့် ခရီးစဉ်ဖြစ်ပြီး အိန်ဂျလီနာဂျိုလီမှာ ယမန်နှစ်က ၎င်း၏ Salt ဇာတ်ကား အရောင်းမြှင့်တင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ဖူးပြီဖြစ်သည်။

ဘရက်ဒ်ပစ်ခေါင်းဆောင် ပါဝင်သရုပ်ဆောင်ထားသည့် Moneyball ရုပ်ရှင်ကားသည် ၂၀၀၃ ခုနှစ်က မိုက်ကယ်လီဝစ်၏ ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ပရိသတ်များ၏ အားပေးမှုခံယူရရှိနေသည့် ဇာတ်ကားတစ်ကားဖြစ်သကဲ့သို့ ၂၀၁၁ ခုနှစ် တိုရွန်တို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်လည်း တက်ရောက်ပြသခဲ့သည်။

ဤဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ ရုံတင်ပြသသွားမည်ဖြစ်သည်။ ***အင်တာနက်။***



## ခရစ္စတင်းဒန့်စ်ထ်၏ ရုပ်ရှင်ကား ဥရောပရုပ်ရှင်ဆုပေးပွဲတွင် ရေပန်းစား

စပိုက်ဒါမန်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီး ခရစ္စတင်းဒန့်စ်ထ်**(အပေါ်ပုံ)**၏ ရုပ်ရှင်ကားသစ် Melancholia (စိတ်အားငယ်ရသူ) ဇာတ်ကားသည် မကြာမီကျင်းပမည့် ဥရောပရုပ်ရှင်ဆုပေးပွဲတွင် ဆုအမျိုးအစားကိုးမျိုး အမည်စာရင်းတင်သွင်းခံရပြီး ဆုများရရှိရန် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။

ဒါရိုက်တာ လာစ်ဗွန်ထွိုင်ယာ လက်စွမ်းပြရိုက်ကူးခဲ့သည့် ဤဇာတ်ကားတွင် ခရစ္စတင်းက စိတ်ကျဝေဒနာကို ခုခံတွန်းလှန်နေရသည့် အမျိုးသမီးအဖြစ် သရုပ်ဆောင်ထားပြီး ၎င်း၏ သရုပ်ဆောင်စရိုက်နှင့်ပတ်သက်၍ ဥရောပ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရရှိရန် အလားအလာ ကောင်းနေသည်။

ဒါရိုက်တာ လာစ်ဗွန်ထွိုင်ယာသည်လည်း ဤဇာတ်ကားနှင့်ပတ်သက်၍ ဥရောပအကောင်းဆုံး ဒါရိုက်တာဆုရရှိရန် အလေးသာလျက်ရှိသကဲ့သို့ ယင်းဇာတ်ကားသည် ဥရောပအကောင်းဆုံး ရုပ်ရှင်ကားဆုအတွက်လည်း အခြားဇာတ်ကားများနှင့် ယှဉ်ပြိုင်ရဖို့ ရှိနေသည်။

ဥရောပရုပ်ရှင်ဆုပေးပွဲကို လာမည့် ဒီဇင်ဘာ ၃ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တော်တွင် ကျင်းပမည်ဖြစ်သည်။

***အင်တာနက်။***

**အောဝမ်းစိုး**



နိုဝင်ဘာ ၁၁ ရက်က ကနူးလှေလှော်ပြိုင်ပွဲ မီတာ(၁၀၀၀-C 1) တစ်ယောက် လှော်ပြိုင်ပွဲ၌ ဝင်းထိုက် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

**၂၀၁၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် အသက်(၁၂)နှစ်အောက် ကိုးယောက်တွဲ(အကြီးတန်း) ပြိုင်ပွဲတွင် ပထမဆုရ ကလေးမြို့နယ်အသင်း၊ ဒုတိယဆုရ မုံရွာမြို့နယ်အသင်းနှင့် တတိယဆုရ ဝက်လက်မြို့နယ်အသင်း၊ အငယ်တန်း(၁၂)နှစ်အောက် ကိုးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မုံရွာမြို့နယ်အသင်း၊ ဒုတိယဆုရ ကလေးမြို့နယ်အသင်းနှင့် တတိယဆုရ ကန့်ဘလူမြို့နယ်အသင်း၊ အကြီးတန်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ကလေးမြို့နယ်အသင်း၊ ဒုတိယဆုရ မုံရွာမြို့နယ်အသင်းနှင့် တတိယဆုရ ကလေးဝမြို့နယ်အသင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ကလေးမြို့နယ်အသင်း၊ ဒုတိယဆုရ မုံရွာမြို့နယ်အသင်းနှင့် တတိယဆုရ ကလေးမြို့နယ်အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများက သတ်မှတ်ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်ဝေဝေခိုင်က ပထမတံခွန်စိုက်ဆုဖလားရရှိသော ကလေးမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေကျပ် တစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့များဖြစ်သည့် ကြက်တောင်အားကစားအဖွဲ့ နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက ဂျကာတာမြို့သို့ ရောက်ရှိစဉ်။** (ရှိုင်းထက်ဇော်)



# မြန်မာအားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ ဖြစ်ကြသော တိုက်ကွမ်ဒို၊ စက်ဘီး၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ရေကူး၊ တင်းနစ်၊ ဘော်လီဘော၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ နပန်းနှင့် ကျွမ်းဘားအားကစားအဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် သက်ဆိုင်ရာ အားကစားနည်းများအလိုက် တာဝန်ခံ နာယကနှင့် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အင်ဒိုနီးရှားနိုင်ငံ Palem bang မြို့၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင် ဦးဆောင်သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် လက်ရွေးစင်အားကစားသမားများ နိုဝင်ဘာ ၁၀ ရက် ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။** (၅၄၆)

# အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

# သုံးရက်ဆက်တိုက် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့၌ နိုဝင်ဘာ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သုံးရက်ဆက်တိုက် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်တွင် ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ် ရှစ်လွှာ၌ ဝရိန်ဆော်ရာမှ သုံးလွှာတွင်ရှိသော ကျူထရံနေကာသို့ မီးလောင်ခံရပြီး ဓာတ်လှေကားတွင် ပိတ်မိသော လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ် ရှစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ကိုးဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ခြင်းကြောင့် မန်နေဂျာဖြစ်သူ ဦးအောင်မြတ်သူအား (ပ)၂ ထ/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ကာ အရေးယူထားကြောင်း သိရသည်။

နိုဝင်ဘာ ၉ ရက် ည ၈ နာရီခန့်တွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဇေယျသုခလမ်း အမှတ်-၁၁၅၀ ခြောက်ထပ်တိုက်ရှိ ခြောက်လွှာယာဘက်အခန်းတွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး အပူလွန်ရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့ပြီး ကွန်ပျူတာ၊ မွေ့ရာ၊ အဝတ်အစား ပစ္စည်းအနည်းငယ်မီးလောင်ဆုံးရှုံးခဲ့ရကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ သတင်းရလျှင်ရချင်း မီးသတ်ယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ တိုင်းဒေသကြီးကြက်ခြေနီယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် ကူညီကယ်ဆယ်ငြိမ်းသတ်ခဲ့ခြင်းကြောင့် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ ဦးသိန်းထိုက် (ဘ-ဦးလှသိန်း)အား သက်ဆိုင်ရာက ပ-၆၈၃/၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၀ ရက် နံနက် ၁ နာရီ ၁၀ မိနစ်ခန့်တွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်းမကြီးရှိ ယုဇနတာဝါ၊ အခန်း (၆၀၈/ဘီ) တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ထိုမီးလောင်ကျွမ်းခြင်းမှာ အဆိုပါအခန်းအတွင်း ဖွင့်ထားသည့် အဲယားကွန်း အပူလွန်ချို့ယွင်းလောင်ကျွမ်းခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သိရပြီး အဲယားကွန်းများ၊ ဆိုဖာဆက်တီခုံများ၊ စားပွဲခုံ၊ အလူမီနီယံမှန်တံခါးများလည်း မီးလောင်ပျက်စီးခဲ့ရသည်။

ထိုမီးလောင်မှုကို သတင်းရလျှင်ရချင်း မီးသတ်ယာဉ် ၂၁ စီး၊ တိုင်းဒေသကြီးကြက်ခြေနီယာဉ်အပါအဝင် အထောက်အကူပြုယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၅၀ ၊ အရန်တပ်ဖွဲ့ဝင်လေးဦး၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ခြင်းကြောင့် ဦးတင်ဝင်း (ဘ-ဦးမာစတန်း)အား ပ/၅၂၈/၂၀၁၁/၂၈၅ ဖြင့် အမှုဖွင့်ကာ အရေးယူထားကြောင်း သိရှိရသည်။

(၆၈၀)

# အက်ပလီတန်ကို ပို့စ်မောက်အသင်းနည်းပြသစ်အဖြစ်ခန့်

**လန်ဒန် နိုဝင်ဘာ ၁၁**

ပို့စ်မောက်အသင်းသည် မိုက်ကယ်အက်ပလီတန်အား အသင်း၏နည်းပြအသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

၎င်းသည် ယခင် ဝက်စ်ဘရွန်းအသင်းတွင် လက်ထောက်နည်းပြအဖြစ် လုပ်နေရာမှ ယခု ပို့စ်မောက်အသင်း၏နည်းပြဖြစ်လာခဲ့သည်။ ယခင် မန်ယူကွင်းလယ်ကစားသမားဟောင်း မိုက်ကယ်အက်ပလီတန်မှာ ပို့စ်မောက်အသင်းနှင့် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ရက်သတ္တသုံးပတ်က ပို့စ်မောက်အသင်းမှ ထွက်သွားသောနည်းပြ စတီဗီကော်တာရေးလ်၏ နေရာတွင် အစားထိုးတာဝန်ယူမည်ဖြစ်သည်။

အက်ပလီတန်က ဝက်စ်ဘရွန်းအသင်းမှ ထွက်ခွာရန် အချိန်အတော်ကြာကြာ စဉ်းစားခဲ့ရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိ၏ဘဝ သုံးပုံတစ်ပုံမှာ ဝက်စ်ဘရွန်း၌သာ ကုန်လွန်ခဲ့ရကြောင်း၊ သို့သော် ယခုအချိန်တွင် စိန်ခေါ်မှုအသစ်များကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ပို့စ်မောက်အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**



# အသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုလိုက်သည့် စပါးတိုက်စစ်မှူး ဒေါ့စ်ဆန်းတို့စ်

**လန်ဒန် နိုဝင်ဘာ ၁၁**

စပါးတိုက်စစ်မှူး ဂျီအိုဗန်နီ ဒေါ့စ်ဆန်းတို့စ်သည် နည်းပြ ဟာရီရက်နက်ပ်ထံ အသင်းမှ ထွက်ခွာခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်က ဘာစီလိုနာမှ ပေါင် ၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သော မက္ကဆီကိုနိုင်ငံသား ဆန်းတို့စ်သည် အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိသဖြင့် ဆက်လက်မနေလိုတော့ကြောင်း၊ ၎င်းအား ခေါ်ယူလိုသည့် အသင်းများရှိကြောင်း ဆိုသည်။ အသက်(၂၃)နှစ်ရှိ ဆန်းတို့စ်သည် ပြီးခဲ့သည့် နှစ်နှစ်ကာလအတွင်း အစ်ပ်ဝှစ်၊ ဂါလာတာစာရေးနှင့် ရေးဆင်းအသင်းများသို့ အငှားချခြင်းခံခဲ့ရသည်။

ထို့ပြင် ၎င်းက အကယ်၍ စပါးအသင်းက မိမိအား ထွက်ခွာခွင့်မပြုနိုင်လျှင် ပုံမှန်ပွဲထွက်ခွင့် တစ်နေရာရအောင် လုပ်ဆောင်ပေးသင့်ကြောင်း ပြောကြားခဲ့သည်။

**အင်တာနက်။**

# တိုက်စစ်မှူးနေမာ ဘရာဇီးကလပ် ဆန်းတို့စ်နှင့် စာချုပ်သစ် ချုပ်ဆို



**ဆော်ပေါ်လို နိုဝင်ဘာ ၁၁**

ချယ်လ်ဆီးအသင်းက ပေါင် ၂၃ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားခြင်းခံခဲ့ရသည့် တိုက်စစ်မှူးနေမာသည် ဘရာဇီးကလပ် ဆန်းတို့စ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။

၎င်းအား ခေါ်ယူနိုင်ရန် ယခုနှစ်အစောပိုင်းကာလက ချယ်လ်ဆီး၊ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ အပြိုင်ကြိုးပမ်းခဲ့ကြသည်။

သို့သော် နေမာကမူ ၂၀၁၄ ကမ္ဘာ့ဖလားပြီးဆုံးချိန်အထိ ဆန်းတို့စ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့သည်။

အသက်(၁၉)နှစ်အရွယ် လူငယ်တိုက်စစ်မှူးနေမာက ယင်းသည် မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိသည် မိမိ၏ ဖခင်နှင့် အစ်ကိုတို့နှင့်အတူ နေထိုင်လို၍ဖြစ်ကြောင်း၊ မိမိအား အလေးထားကမ်းလှမ်းခဲ့သည့် အခြားအသင်းများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ သို့သော် မိမိသည် ၂၀၁၄ ခုနှစ်အထိ ဥရောပတွင်သာ ရှိနေမည်ဖြစ်ကြောင်း၊ နိုင်ငံအသင်းဘရာဇီးနှင့် ကလပ်အသင်းဆန်းတို့စ်တွင် ကစားပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့သည်။ နေမာသည် ယခုနှစ်ဘောလုံးရာသီအတွင်း ၁၉ ပွဲ၌ ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ **အင်တာနက်။**

ဟိန်းထက်လင်း

# မိန်းကလေးတစ်ဦး အဆိပ်သောက် ဆေးကုသမှုခံယူနေစဉ်သေဆုံး

**ရန်ကုန် နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၄ ရက် ည ၈ နာရီခန့်တွင် လက်ခုပ်ကုန်းဆေးရုံ၌ အဆိပ်သောက်၍ ရောက်ရှိလာသူ မိန်းကလေးတစ်ဦး ဆေးကုသနေစဉ် သေဆုံးသွားကြောင်း သတင်းအရ လက်ခုပ်ကုန်းရဲစခန်း ရဲအုပ်မိုးနိုင်ဦး(ခခမ)က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာနေ မနီလာနွယ်(ခ) စနေမ (၁၆)နှစ်ဖြစ်ပြီး ၎င်းသည်လွန်ခဲ့သော တစ်လခန့်က ကျောက်တန်းမြို့နယ် မီးပြကျေးရွာနေ မောင်မျိုးမြင့်ဇော် (၂၀)နှစ်နှင့် အိမ်ထောင်ပြုပြီး မိဘများနေအိမ်တွင် အတူနေကာ မင်္ဂလာကိစ္စ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ မနီလာနွယ်မှ ငါးသလောက်ပေါင်းဖြင့် ဧည့်ခံကျွေးမွေးလိုကြောင်း ပြောရာ နှစ်ဖက်မိဘများမှာ ဆင်းရဲနွမ်းပါးသူများဖြစ်၍ ဝက်တစ်ကောင်ဖြင့်သာ အကျဉ်းချုံးပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောဆိုဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ ဆုံးဖြတ်ခြင်းကို မနီလာနွယ်က စိတ်ဆိုးပြီး ညနေ ၅ နာရီခန့်တွင် မိဘများ မသိအောင် နေအိမ်၌ အသင့်ရှိနေသော SANONDA ယင်သတ်ဆေးရည်ဘူးအား သောက်ပြီး သတိလစ်လဲကျနေသည်ကို ညနေ ၆ နာရီခန့်မှ မိဘများ တွေ့ရှိပြီး လက်ခုပ်ကုန်းဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာမှ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိဘဲ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

(၃၁)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်းမထားနှင့်

# နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး Enterprise India Show 2011 ပြပွဲ ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသည့် Enterprise India Show 2011 ပြပွဲကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။**





**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး Enterprise India Show 2011 ပြပွဲကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နံနက် ၁၀ နာရီတွင် တပ်မတော်ခန်းမသို့ ရောက်ရှိလာရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား တပ်မတော်ခန်းမ ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri၊ အိန္ဒိယ စက်မှုကုန်ထုတ်အသင်း Confederation of Indian Industry [ CII ] ဥက္ကဋ္ဌ Mr. Sanjay C. Kirloskar နှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ဂါရဝပြုတွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယသံအမတ်ကြီး၊ CII ဥက္ကဋ္ဌနှင့် စီးပွားရေး လုပ်ငန်းရှင်များက သတင်းနှင့် ဆက်သွယ်ရေး၊ ဆေးဝါးနှင့် အစားအစာ ထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သံ၊ သံမဏိနှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ရထားပို့ဆောင်ရေးနှင့် စက်မှုနည်းပညာဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်း များစွာကတည်းကပင် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်စည်ပြပွဲ ကျင်းပ၍ အိန္ဒိယနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို ပြသနိုင်ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင်လည်း နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများ ကျင်းပခြင်းဖြင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် သံနှင့်သံမဏိပစ္စည်းများ၊ သတင်းနှင့် နည်းပညာလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာအမျိုးမျိုး၊ ဆေးပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းသုံးပစ္စည်းများ၊ TA TA မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုဖြင့် အိန္ဒိယ စက်မှုကုန်ထုတ်အသင်း Confederation of Indian Industry (CII) နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့က ကြီးမှူး၍ Enterprise India Show 2011 ပြပွဲကို စီစဉ်ပြသခြင်းဖြစ်သည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရန်နှင့် နှစ်နိုင်ငံ စီးပွားရေးအခွင့်အလမ်းများ ဖန်တီးရန်အပြင် အိန္ဒိယကုမ္ပဏီများ၏ လုပ်ဆောင်နိုင်မှုနှင့် စွမ်းရည်များကို ပြသနိုင်ရန်၊ မြန်မာနိုင်ငံအတွင်း အိန္ဒိယနည်းပညာများနှင့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရန်၊ ဈေးကွက်သစ်များ၊ စီးပွားရေးစာချုပ်များ၊ ကွန်ရက်များအတွင်း ပိုမို အခွင့်အလမ်းရရှိစေရန်၊ ကုန်သွယ်ရေးအတားအဆီးများ ထပ်မံဖယ်ရှားပြီး နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အိန္ဒိယကုမ္ပဏီပေါင်း ၆၀ ကျော် ပါဝင်ပြသပြီး TA TA **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# သဃ်န်းကျွန်းမြို့နယ် သောက်သုံးရေဖူလုံရန် ရေတိုရေရှည်အစီအမံများ လျာထားဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် သောက်သုံးရေဖူလုံစွာရရှိရန် ရေတိုရေရှည်အစီအမံများချမှတ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လျာထားဆောင်ရွက်လျက်ရှိသည်။

"သဃ်န်းကျွန်းမြို့နယ်ထဲက နေထိုင်သူတွေအပါအဝင် ရန်ကုန်မြို့နေပြည်သူများအနေနဲ့ သန့်ရှင်းတဲ့သောက်သုံးရေကို အခုထက်ပိုမိုပြည့်ဝစွာရရှိရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ ရေတိုရေရှည်စီမံကိန်းများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်"ဟု အဆိုပါ ကော်မတီ အင်ဂျင်နီယာဌာန (ရေ/သန့်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမြို့နယ်မှာ ဧရိယာအကျယ်အဝန်း ၄ ဒသမ ၄၄ စတုရန်းမိုင်ကျယ်ဝန်းကာ ရပ်ကွက်ပေါင်း ၃၈ရပ်ကွက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ရေပေးဝေမှုနှင့် ပတ်သက်၍ ရပ်ကွက်ပေါင်း ၂၈ ရပ်ကွက်သို့ ပေးဝေထားကာ ကျန်ရှိသောရပ်ကွက် ၁၀ ရပ်ကွက်တွင် ကိုယ်ပိုင်အဝီစိတွင်းများဖြင့် သုံးစွဲလျက်ရှိကြောင်း သိရသည်။ မြို့နယ်အတွင်းတွင် ရေတွန်းစက် ၁၀ ခုမှ ပင်မငမိုးရိပ် ၂၄ လက်မ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

## ယ နေ့ သ တ င် း အ ညွှ န် း

### ကျောက်စိမ်းအချောထည်များ ပြည်ပတင်ပို့ရောင်းချရေး One Stop Service Centre ဖွင့်

"တန်ဖိုးမြင့် ကျောက်စိမ်းအချောထည်များ လွယ်ကူလျင်မြန်စွာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်"

ပြည်တွင်းသတင်း စာမျက်နှာ - ၆

### ကမ္ဘာတစ်ဝန်း ကျောက်မီးသွေးသုံးစွဲမှု ရေနံသုံးစွဲမှုထက် ကျော်လွန်လာမည်

"ကမ္ဘာ့စွမ်းအင် ဝယ်လိုအား၏ ထက်ဝက်နီးပါးမှာ ကျောက်မီးသွေးဖြစ်"

နိုင်ငံတကာသတင်း စာမျက်နှာ - ၄



### ပုပ္ပားတောင်ကလပ်တွင် နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ စည်ကား

"နိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိမှုကို အထောက်အကူပြုသော ဒေသတစ်ခုဖြစ်"

ပြည်တွင်းသတင်း စာမျက်နှာ - ၇